# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၂)၊ အမှတ်(၅၆)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်စဉ်။ (မြန်မာ့အလင်း)






# မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်အားပေးချီးမြှင့် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲသို့ အသင်းပေါင်း ၂၄ သင်းမှ အားကစားသမား ၅၃၀ ပါဝင်ယှဉ်ပြိုင်

**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ(The 6th Asian Wushu Championship 2004)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်ပြီး ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်အားပေးသည်။ **(အောက်ပုံ)**

*စာမျက်နှာ ၈ ကော်လံ ၁* ●

**မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါးအညွှန်း**

"ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကလည်း နိုင်ငံတော်က ချမှတ်ထားသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်ကို ယုံကြည်ထောက်ခံကြပြီး ဆက်လက်ကျင်းပမည့် အမျိုးသားညီလာခံကို ပြီးဆုံးသည်အထိ တက်ရောက်သွားကြမည်ဟု ကတိပြု ဆွေးနွေးခဲ့"

ခေါင်းကြီး(စာ-၂)

"မိမိတို့ အထွတ်အထိပ်ထားသည့် ရတနာသုံးပါးနှင့် မိဘ၊ ဘိုးဘွား၊ ဆရာသမား၊ မိမိထက် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကြီးမားသည့် ပုဂ္ဂိုလ်များ၊ အသက်အရွယ်ကြီးမားသည့် ပုဂ္ဂိုလ်များကို ကာယကံမြောက်၊ ဝစီကံမြောက် မကျူးလွန် မပြစ်မှားမိကြစေရန် ရှောင်ကြဉ်ကြရပါမည်"

ဦးကျော်စိန်(မန္တလေး)၏ ဆောင်းပါး(စာ-၁၀)



**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

# စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေး အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုဝေးနေထိုင်ရာ ပြည်ထောင်စု နိုင်ငံတော်ကြီး ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရန် အတွက် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်လျက် ရှိသည်။

ယင်းသို့ အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် (Road Map) ကို ချမှတ်ကာ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ တစ်ခဲနက်ထောက်ခံမှုဖြင့် လုပ်ငန်းများကို တစ်ဆင့်ချင်း အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာလ ၂၃ရက်နေ့က ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင် စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားရာ၌ –

**"မိမိတို့၏ Road Map ဖြစ်သည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်သည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ချမှတ်သည့် မူဝါဒမဟုတ်ဘဲ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ရှိအစိုးရက ချမှတ်ထားသည့် မူဝါဒလမ်းစဉ်သာ ဖြစ်ကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် မသက်ဆိုင်ကြောင်း၊ သို့ဖြစ်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေး အတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ချမှတ်ထားသည့် Road Map ပါအတိုင်း လုပ်ငန်းများမပြောင်းလဲဘဲ ရှေ့ဆက်၍ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက် သွားမည်သာ ဖြစ်ကြောင်း"**

ပြောကြားသွားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်၍ အဆင့်လိုက် ဆောင်ရွက်ရာတွင် ပထမအဆင့်လည်းဖြစ်ပြီး အရေး အကြီးဆုံးလည်းဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက် ရှိသည်။

အမျိုးသားညီလာခံကြီးကို ၂၀၀၄ ခုနှစ် မေလ ၁၇ရက်နေ့မှ ဇူလိုင်လ၉ရက်နေ့အထိ အောင်မြင်စွာ ကျင်းပခဲ့သည်။

အမျိုးသားညီလာခံကြီးကို လာမည့်ပွင့်လင်းရာသီ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလတွင် ပြန်လည် ကျင်းပမည်ဖြစ်ရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မတီများအလိုက် လုပ်ငန်းအစီအစဉ်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြသည်။

ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံတွင် တက်ရောက်ကြသည့် ကိုယ်စားလှယ်များအနက် ၆ဝရာခိုင်နှုန်းကျော်သည် တိုင်းရင်းသားလူမျိုးများ ဖြစ်သည်။ ကိုယ်စားလှယ်ဦးရေ ၁၀၀ကျော်သည် လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ခဲ့သည့် တိုင်းရင်းသား ကိုယ်စားလှယ်အဖွဲ့များ၏ ကိုယ်စားပြုအဖွဲ့ များ ဖြစ်ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများကလည်း နိုင်ငံတော်က ချမှတ်ထားသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ကို ယုံကြည်ထောက်ခံကြပြီး ဆက်လက်ကျင်းပမည့် အမျိုးသားညီလာခံကို ပြီးဆုံးသည်အထိ တက်ရောက်သွားကြမည်ဟု ကတိပြု ဆွေးနွေးခဲ့ကြသည်။

သို့ဖြစ်ရာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုအခြေခံသည့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးဖြစ်ပေါ်လာစေရန် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပ နိုင်ရေးအတွက် ညီလာခံကိုယ်စားလှယ်များနှင့်အတူ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက အမျိုးသား ရေးစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၂၅–၁၁–၂၀၀၄**
**(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် English specialization (တတိယနှစ်၊ အင်္ဂလိပ်စာ)
၅:၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပင်လယ်ကြီးလောက် ချစ်တယ်"**(အပိုင်း–၁၈)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြန်မာ့ရှုခင်း
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား"** (ဒုတိယတွဲ) (အပိုင်း–၃၁)

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံအတွက် ကြိုဆိုပို့ဆောင်ရေးမော်တော်ယာဉ်ကုသိုလ်အလှူရှင်များဖိတ်ခေါ်ခြင်း

၁။ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသဏလိုဏ်ဂူတော်ကြီးတွင် ၉–၁၂–၂၀၀၄ ရက်နေ့မှ ၁၁–၁၂–၂၀၀၄ရက်နေ့အထိ ကျင်းပပြုလုပ်မည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ ကြွရောက်တော် မူလာမည့် ပြည်ပနိုင်ငံများမှ အဖွဲ့ခေါင်းဆောင်ဆရာတော် ၃၅ ပါးအတွက် တစ်ပါးစီအသုံးပြုရန် ဆလွန်း(1995 Model)မော်တော်ယာဉ်၃၅စီးကို ခေတ္တအသုံးပြုခွင့် အကူအညီပေးလှူဒါန်းမည့်အလှူရှင်များ လိုအပ်လျက်ရှိပါသည်။

၂။ မော်တော်ယာဉ်သုံးစွဲခွင့်လှူဒါန်းရမည့်ကာလမှာ စုစုပေါင်းရှစ်ရက်(၇–၁၂–၂၀၀၄ရက်နေ့မှ ၁၄–၁၂–၂၀၀၄ ရက်နေ့အထိ)ဖြစ်ပြီး အဆိုပါယာဉ်များ၏ စက်သုံးဆီနှင့် အုပ်ချုပ်မှုကိစ္စကို ကြိုဆိုပို့ဆောင်ရေးဆပ်ကော်မတီက တာဝန်ယူပါမည်။ လှူဒါန်းလိုသူအလှူရှင်များသည် အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်၍ ကြိုတင့်ကြံခဲ ကုသိုလ်ရယူလှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| (က) ဦးလှသောင်းမြင့် | ညွှန်ကြားရေးမှူးချုပ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | ဖုန်း–၅၇၁၀၀၉ |
| (ခ) ဒေါ်ခင်ခင်ဝင်း | ညွှန်ကြားရေးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | ဖုန်း–၅၇၃၁၀၅ |
| (ဂ) ဦးမြင့်မော် | ညွှန်ကြားရေးမှူး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန | ဖုန်း–၂၉၅၁၇၃ |

**ကြိုဆိုပို့ဆောင်ရေးဆပ်ကော်မတီ။**



**နိုဝင်ဘာ ၂၃ ရက်က သမဝါယမ ဝန်ကြီးဌာနမိသားစု ဘုံကထိန် သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပရာ သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း နှင့် ဇနီး ဒေါ်ခင်မိမိ တို့က ဆရာတော် အား ကထိန်လျာ သင်္ကန်း ဆက်ကပ် လှူဒါန်းစဉ်။**
(သမဝါယမ)

## အထက(၂)တာမွေ (ယခင်)တာမွေတန်းမြင့် အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

တာမွေ အထက(၂)ကျောင်းမှ အငြိမ်းစား ဆရာဆရာမကြီးများအား (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အဆိုပါကျောင်းတွင် ဒီဇင်ဘာ ၆ရက် (အမျိုးသားနေ့)၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူကျောင်းသားဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေ ထည့်ဝင်လိုသူများသည် ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်စမ်းမြင့် ဖုန်း– ၅၄၂၁၁၇၊ ဦးတင်ထွေး ဖုန်း– ၅၄၇၂၂၊ ဒေါ်ရီရီမြင့် ဖုန်း– ၅၄၀၄၁၀၊ ဒေါ်နီနီစိုး ဖုန်း ၅၄၀၇၃၈၊ ဒေါ်တင်မြင့်ဝင်း ဖုန်း–၅၄၄၉၄၃နှင့် ဦးလှသောင်းဦး ဖုန်း–၀၉–၅၀–၁၀၄၀၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။ ဆရာဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**



**နိုဝင်ဘာ ၁၉ရက်က အထက (၁)ဒဂုံမြို့နယ် ပညာရေးမိသားစု၏ ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်နှင့် ဆရာ၊ ဆရာမ များက ဆရာတော်၊ သံဃာတော်များ အား ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)



# ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေး ပြည်နှင့်သာယာဝတီတို့၌ အသင်းအတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြား

ရန်ကုန် နိုဝင်ဘာ ၂၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေးတို့သည် နိုဝင်ဘာ၂၃ရက် နံနက်ပိုင်းတွင် ပြည်မြို့သို့ရောက်ရှိပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့်အတူ ပဲခူးတိုင်းအနောက်ပိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်၍ တိုင်း၊ ခရိုင်နှင့် မြို့နယ် ရှစ်မြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့်တွေ့ဆုံပြီး ပဲခူးတိုင်းအနောက်ပိုင်းနှင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ၊နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးနှင့်အတူ တက်ကြွစွာပူးပေါင်းပါဝင် အကောင်အထည်ဖော်ရေးကိစ္စများကို ရှင်းလင်းဆွေးနွေးကြသည်။

ညနေပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေး**(အပေါ်ပုံ)**တို့သည် သာယာဝတီခရိုင် အသင်းရုံးသို့ ရောက်ရှိကြပြီး တိုင်း၊ ခရိုင်နှင့် မြို့နယ် ခြောက်မြို့နယ်မှ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံမှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျောက်ဆည်အသင်း(ရန်ကုန်) ကထိန်သင်္ကန်းဆက်ကပ်မည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

ကျောက်ဆည်အသင်း(ရန်ကုန်)၏ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ၂၅ရက် နံနက်၉နာရီခွဲတွင် အသင်းတည်ရာ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် တိုက်(၁) အခန်း(၃)တွင် ကျင်းပမည်ဖြစ်သည်။ အသင်းသူအသင်းသားအားလုံးတက်ရောက်ကြရန်နှင့် အလှူငွေနှင့် အလှူပစ္စည်းများကို ထည့်ဝင်လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးခင်မောင်ထွန်း (ရဲမှူးကြီး-ငြိမ်း) ဖုန်း-ဝ၉၉၉-၂၆၄၄၃၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်လွင် ဖုန်း-၅၇၃၃၇၂၊ ဦးခင်မောင်မြင့် ဖုန်း-၂၈၄၂၃၄၊ အတွင်းရေးမှူး ဦးကျော်မြအောင် ဖုန်း- ၆၈၀၆၅၁၊ ဦးအောင်စိုးလင်း ဖုန်း- ၅၄၀၀၄၉၊ ဦးခင်မောင်မြင့် ဖုန်း-၆၆၆၄၇၈နှင့် ဒေါ်ခင်မျိုးသန့် ဖုန်း-၆၆၄၆၂၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် (အဖိတ်နေ့)**
**၂၅-၁၁-၂၀၀၄(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈:၀၅ ၆။ အကပဒေသာ
၈:၂၀ ၇။ ဆွာချောင်းရေလျှောင်တမံ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Let's Go

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၇:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၃၀ ၇။ **"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ" လွင်မိုး၊ မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ ၊ လှအဉ္ဇလီတင့်၊ ကြည်လဲ့လဲ့ဦး၊ ဝွမ်းပုံ**
၁၇:၄၀ ၈။ မြန်မာစာ မြန်မာစကား
၁၇:၅၀ ၉။ တန်ဆောင်တိုင်တေးများ
၁၈:၀၅ ၁၀။ နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈:၁၅ ၁၁။ တေးဂီတအစီအစဉ်
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း"** အပိုင်း (၃၁)
၁၉:၃၅ ၁၅။ ပျော်ပျော်ရွှင်ရွှင် ဝင်ကာနွဲ့ တောင်ကြီးမြို့ရဲ့တန်ဆောင်တိုင်ပွဲ
၁၆။ တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံစီမံကိန်း (သာပေါင်း)
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ မြန်မာ့ရုပ်မြင်သံကြားဇာတ်လမ်း **"ဖုံချစ်သူ" ဇော်ဝမ်း၊ ရူပ၊ မင်းသူ၊ သတ္တိ၊ မင်းညီ၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-သုမောင်)**



ညောင်ဦးမြို့နယ် စဉ့်ကူမြို့ မြို့ကုန်းရပ် ဇေရာဝတီမြစ်ကမ်းနဖူးရှိ **စန္ဒာမုနိရွှေစေတီ စေတီကြီးဘုရားအား ဗုဒ္ဓပူဇနိယဆီမီး၉၉၀၀အဖွဲ့(အင်းစိန်)က ကြီးမှူး၍ ရွှေဆေးသင်္ကန်းကပ်လှူရန်အတွက် အလှူငွေကျပ် ပေးအပ်ပွဲကို နိုဝင်ဘာ ၂၀ ရက်က ဆီမီး ၉၉၀၀အဖွဲ့ရုံးခန်း စုပေါင်းရုံးဝင်း အင်းစိန်၌ ကျင်းပရာ အင်းစိန်မြို့သစ် (က+ခ) ရပ်ကွက် က-၄လမ်းနေ ဦးအောင်မြင့်-ဒေါ်အမာဆွေမိသားစုက အလှူငွေကျပ် ခြောက်သိန်းသုံးသောင်း ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြတ်သူနှင့် အမှုဆောင်များက လက်ခံရယူစဉ်။**

(ဝ၄၆)

**အမက-၁ (ဗဟို) အင်းစိန်မြို့နယ်၏ ပညာခေတ် ကျောင်းစာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ ၁၉ ရက်ကကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး ဒုတိယ ဦးစီးမှူး ဦးတင်မောင်လွင်နှင့် ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

(ခရိုင် ပြန်/ဆက်)



# သာယာမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

# အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း(ဗဟန်း ၃လမ်း မှတ်တိုင်အနီး) တွင် ကွယ်လွန်သူမိဘ ဆရာဝန်ကြီး ဦးထွန်းလှိုင်၊ ဒေါ်ခင်စောလှိုင်၊ ခင်ပွန်း ဦးထွန်းညွန့်၊ သား ဦးစည်သူတို့အားရည်စူး၍ ဒေါ်ခင်မေလှိုင်၊ သား ဦးသူရမိသားစု အမှတ်(၅)၊ဝန်မင်းလမ်း ပြည်သာယာဘောက်ထော်က အလှူငွေကျပ်တစ်သိန်းကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်သို့ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# စုပေါင်းမဟာဘုံကထိန်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် စဉ့်ကူရပ်ကွက် ထန်းတပင်ကျောင်းတိုက်၌ ဆရာတော် ဦးသီလာစာရနှင့် ဦးဥက္ကံသတို့ကို အမှူးထား၍ နိုဝင်ဘာ ၂၆ရက် (တန်ဆောင်မုန်းလပြည့်နေ့) တွင် ကထိန်သင်္ကန်း ဆက်ကပ်ပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။ လှူဖွယ်ပစ္စည်းများလှူဒါန်းလိုသူများသည် ထန်းတပင်ကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

# နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလအတွက်**
**နောက်ဆုံးပတ် (တနင်္ဂနွေနေ့) ၂၈-၁၁-၂၀၀၄ရက်နေ့**
**၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလအတွက်**
**(၁၂-၁၂-၂၀၀၄)ရက်နေ့ နှင့် (၂၆-၁၂-၂၀၀၄)ရက်နေ့**


**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၀၂၃၇)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## ပညာရေးဆိုင်ရာ စာချုပ် ထိုင်းနှင့်ချီလီ လက်မှတ်ရေးထိုး

ဗန်ကောက် နိုဝင်ဘာ ၂၃

ထိုင်းနိုင်ငံသည် အဆင့်မြင့်ပညာရေးနယ်ပယ်၌ နှစ်နိုင်ငံပူးပေါင်းမှု တိုးမြှင့်ဆောင်ရွက်ရေးအတွက် ချီလီနိုင်ငံနှင့်တတိယအဆင့်ပညာရေးဆိုင်ရာ နားလည်မှုစာချုပ်(အမ်အိုယူ)ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ဒေသ သတင်းစာတစ်စောင်က တနင်္လာနေ့တွင် ဖော်ပြသည်။

အဆိုပါ အမ်အိုယူစာချုပ်ကို ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဆူရာကီယက်ဆတ်တီယာထိုင်းနှင့် ချီလီပညာရေးဝန်ကြီး ဆာဂျီယိုဘစ်တာတို့က ချီလီ နိုင်ငံတွင် ကျင်းပသည့် (၁၂)ကြိမ်မြောက် အာရှပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အေပက်) ထိပ်သီးအစည်းအဝေး၌ လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်ကြောင်း ဗန်ကောက်ပို့စ်သတင်းစာက ဖော်ပြသည်။

သုံးနှစ်ကြာကာလပြီးလျှင် အလိုအလျောက် အသစ်ဖြစ်မည်ဖြစ်သော အဆိုပါ သဘောတူညီမှုသည် ပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များ ဖလှယ်ခြင်း၊ သုတေသန ပူးပေါင်းဆောင်ရွက်ခြင်း၊ ပညာသင်နှစ် တရားဝင် အသိအမှတ်ပြုခြင်းနှင့် ကျောင်းသားများအား ငွေကြေး ထောက်ပံ့ခြင်း အပါအဝင် နှစ်နိုင်ငံ၏ တတိယအဆင့် ပညာရေးဌာနများအကြား အနီးကပ်ပူးပေါင်းဆောင်ရွက်ရေးကို ခွင့်ပြုမည်ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# နိုင်ငံတကာ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ် ကုလမူဘောင်အတွင်းမှ တရုတ် ထောက်ခံဆောင်ရွက်မည်

ဆန်တီယာဂို နိုဝင်ဘာ ၂၃

**ကုလသမဂ္ဂ၏ မူဘောင်အတွင်းမှနေပြီး နိုင်ငံတကာ၏အကြမ်းဖက် တိုက်ဖျက်မှုလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံက အားပေးထောက်ခံဆောင်ရွက်မည်ဖြစ်ကြောင်း ချီလီနိုင်ငံမြို့တော် ဆန်တီယာဂို၌ ကျင်းပခဲ့သည့် အေပက် ခေါင်းဆောင်များ၏ (၁၂)ကြိမ်မြောက် အလွတ်သဘောတွေ့ဆုံဆွေးနွေးပွဲ၌ တရုတ်သမ္မတ ဟူကျင်တောင်က ပြောကြားသည်။**

နှစ်ရက်ကြာကျင်းပခဲ့သော အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသည့် နိုင်ငံတကာ ခေါင်းဆောင်များကို ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ ထို့အပြင် စီးပွားရေးနှင့် ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးတွင် အေပက်အဖွဲ့က အလေးထားခြင်းအပေါ် တရုတ်နိုင်ငံက ထောက်ခံခဲ့ပြီး ကုန်ပစ္စည်းများ၊ ခရီးသွားလုပ်ငန်းချောမွေ့စေရေးနှင့် ဒေသအတွင်း ချောချောမွေ့မွေ့၊ လွတ်လွတ်လပ်လပ်ကုန်သွယ်နိုင်ရေးအတွက် အခြေအနေကောင်းများ ဖန်တီးပေးရန် ၎င်းက ဆက်လက်ပြောကြားသည်။

ထို့နောက် ကူးစက်တတ်သော ရောဂါများ ကြိုတင်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး၊ သတင်းဖလှယ်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရန် တရုတ်နိုင်ငံက ပိုမိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်သမ္မတက ပြောကြားသည်။ **(စီစီတီဗွီ)**

## ကမ္ဘာ့ စိန်ခေါ်မှုများ ကိုင်တွယ်ဖြေရှင်းရေး ပူးပေါင်းဆောင်ရွက်ရန် အာရှနိုင်ငံများအား အင်ဒိုနီးရှားတိုက်တွန်း

ဂျကာတာ နိုဝင်ဘာ ၂၃

**အင်ဒိုနီးရှားနိုင်ငံအစိုးရသည် ယနေ့ကမ္ဘာလုံးဆိုင်ရာ လူ့အဖွဲ့အစည်းများ ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အာရှနိုင်ငံများနှင့် အရှိန်အဟုန်မြင့် ပူးပေါင်းဆောင်ရွက်သွားရန် တနင်္လာနေ့က ပြောကြားသွားသည်။**

အာရှနိုင်ငံများသည် စီးပွားရေး၊ လူမှုရေး၊ နည်းပညာရပ်များနှင့် လုံခြုံရေးနယ်ပယ်များတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်အမှီပြု၍ နေထိုင်ခဲ့ကြသည်ဟု ဒုတိယသမ္မတ ဂျူဆုပ်ကယ်လာက ပြောကြားသည်။

ဆားစ်ရောဂါဖြစ်ပွားမှုကို ပြန်လည် စဉ်းစားတွေးတောကြည့်လျှင်လည်း အာရှနိုင်ငံများသည် ယင်းအန္တရာယ်ကို တားဆီးနှိမ်နင်းရာတွင် ပိုမိုပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အကြမ်းဖက်မှုများကို ကာကွယ်တားဆီးရာတွင် အာရှနိုင်ငံများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ လက်တွဲဆောင်ရွက်သွားရန်လိုကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**



**ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ စာအုပ်ဆိုင်တစ်ဆိုင်၌ ဒန်ရှာအော်တိုကို အမည်ရှိ အရောင်းရဆုံး စာအုပ်များ ရောင်းချနေမှုကို နိုဝင်ဘာ ၂၂ရက်က တွေ့ရစဉ်။** (ယင်းစာအုပ်တွင် ရထားတစ်စင်းပေါ်မှ အမျိုးသမီးတစ်ဦးကို ဂျပန်လူငယ်တစ်ဦးက စွန့်စား၍ ကယ်ဆယ်ခဲ့သည့် ဖြစ်ရပ်မှန်များ ဂျပန်နိုင်ငံ၏အကျော်ကြားဆုံးသော အင်တာနက်သတင်းလွှာက ဖော်ပြခဲ့သည့် အခန်းဆက်အဖြစ် ဖော်ပြထားကြောင်း သိရသည်။)

**(ဓာတ်ပုံ-အင်တာနက်)**

## ဖက်စပ်ကားထုတ်လုပ်

**တရုတ်နိုင်ငံ ကွမ်ကျိုး၌ ဂျပန်နိုင်ငံမှ ဟွန်ဒါကားကုမ္ပဏီနှင့် ကားများ ဖက်စပ်ထုတ်လုပ်နေမှုကို နိုဝင်ဘာ ၂၂ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



# သက်ကြီးရွယ်အိုများသီတင်းပတ် စင်ကာပူ၌ ကျင်းပ

စင်ကာပူ နိုဝင်ဘာ ၂၃

**(၂၅)ကြိမ်မြောက် နှစ်ပတ်လည်သက်ကြီးရွယ်အိုများ သီတင်းပတ်ကို စင်ကာပူနိုင်ငံ၌ တနင်္ဂနွေနေ့က စတင်ကျင်းပခဲ့သည်။**

စင်ကာပူနိုင်ငံသားများ အားလုံး ရွှေရောင်လွှမ်းသောနှစ်များအတွက် ပြင်ဆင်ကြရန်၊ ထိုသို့ပြင်ဆင်မှသာ ပျော်ရွှင်ချမ်းမြေ့စွာဖြင့်ဘဝကို ဆက်လက်၍ လျှောက်လှမ်းနိုင်ကြမည်ဖြစ်ကြောင်း၊ ဘဝတွင် ပြည့်စုံကုံလုံသော အဘိုးအဘွားများနှင့် နီးကြားတက်ကြွမှုရှိသော သက်ကြီးရွယ်အိုများအဖြစ် ရရှိလာကြမည်ဖြစ်ကြောင်း၊ ပြန်ကြားရေး၊ ဆက်သွယ်ရေး၊ အနုပညာနှင့် ကျန်းမာရေးဌာန အဆင့်မြင့်ဝန်ကြီး ဒေါက်တာ ဘာလာကျီဆာဒါစီဗန်က ပြောကြားသည်။

### ကြေညာ

သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်ရေးအတွက် မိသားစုများအား အသုံးဝင်သော သတင်းပြန်ကြားချက်ကို ကျန်းမာရေးဝန်ကြီးဌာနက ဝက်ဘ်ဆိုက်မှ စတင်ထားကြောင်း ၎င်းက ကြေညာသည်။

### ပြောကြား

ယင်းဝက်ဘ်ဆိုက်သည် သက်ကြီးရွယ်အိုများ အကျိုးရှိစေမည့် ကျန်းမာရေးပြန်ကြားချက်များကို ပေးမည်ဖြစ်ကြောင်း ဘာလာကျီကပြောကြားသည်။

လာမည့် သီတင်းပတ်အတွင်း စင်ကာပူနိုင်ငံတစ်ဝန်းလုံးတွင် မျိုးမတူသော လှုပ်ရှားမှု ၅၀ ကျော်ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းများက တနင်္ဂနွေနေ့၌ ဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဗီယက်နမ်၏ ယခုနှစ် ရော်ဘာတင်ပို့မှုဝင်ငွေ လွန်ခဲ့သည့်နှစ်ကထက် ပိုမိုရရှိမည်

ဟန္နွိုင်း နိုဝင်ဘာ ၂၃

**ဗီယက်နမ်၏ ယခုနှစ်ရော်ဘာတင်ပို့မှုဝင်ငွေသည် ဈေးနှုန်းတိုးမြင့်လာမှုကြောင့် လွန်ခဲ့သည့်နှစ်က (အမေရိကန်ဒေါ်လာ ၃၈၃သန်း) ရရှိခဲ့သည်ထက် တိုးတက်ရရှိမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ပြောသည်။**

### မြင့်တက်

ဗီယက်နမ်၏ အက်စ်ဗွီအာ ၃အယ်လ် အဓိကရော်ဘာတင်ပို့မှုဈေးနှုန်းသည် လွန်ခဲ့သည့် ရက်သတ္တပတ်က တစ်တန်လျှင် (အမေရိကန်ဒေါ်လာ ၁၂၈၈သန်း) ဖြစ်နေပြီး လွန်ခဲ့သည့်လနှောင်းပိုင်းထက်စာလျှင် ၂၅ဒေါ်လာမြင့်တက်ခဲ့ကြောင်း၊ အခြားရော်ဘာဈေးနှုန်းများသည် တစ်တန်လျှင် (သုံးဒေါ်လာမှ ၂၂ဒေါ်လာ)အထိ တိုးမြင့်ခဲ့ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

### အကြီးဆုံးဈေးကွက်

ဗီယက်နမ်သည် ယခုနှစ်၏ ပထမ၁၀လတွင် (ဒေါ်လာ ၃၄၆သန်း)တန်ဖိုးရှိ ရော်ဘာ ၃၀၁၀၀၀တန် တင်ပို့ခဲ့ရာ ထုထည်ပမာဏ ၁၄ဒသမ ၄ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း လွန်ခဲ့သည့်နှစ် ယင်းကာလကထက် တန်ဖိုးအားဖြင့် ၁၇ဒသမ ၈ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ဗီယက်နမ်၏ ရော်ဘာအကြီးဆုံး ဈေးကွက်များမှာ တရုတ်၊ အမေရိကန်ပြည်ထောင်စုနှင့် စင်ကာပူနိုင်ငံများ ဖြစ်ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## တရုတ်နိုင်ငံတွင် မိုဘိုင်းလ်ဖုန်းသုံးစွဲသူ သန်း ၃၂၀ အထိရောက်ရှိ

**ပေကျင်း နိုဝင်ဘာ ၂၃**

တရုတ်နိုင်ငံတွင် မိုဘိုင်းလ်ဖုန်း သုံးစွဲသူဦးရေသည်အောက်တိုဘာလကုန် မှတ်တမ်းများအရ သန်း ၃၂၀ထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

ပြီးခဲ့သော နှစ်ကုန်ပိုင်းထက် ၅၅ ဒသမ ၀၈၁သန်းကျော် မြင့်တက်ခဲ့သည်။ ပျမ်းမျှအားဖြင့် ယခုလ၏ ပထမ ၁၀လအတွင်း၌ တရုတ်နိုင်ငံတွင် တစ်လကို မိုဘိုင်းလ်ဖုန်းသုံးစွဲသူ အသစ် ၅ ဒသမ ၅ သန်းရှိခဲ့သောကြောင့် တရုတ်လူမျိုး တစ်ရာလျှင် မိုဘိုင်းလ်ဖုန်းအလုံးရေ ၂၄ ဒသမ ၈ ကိုင်ဆောင်ကြသည်။

မိုဘိုင်းလ်ဖုန်းသုံးစွဲသူ တိုးတက်လာခြင်းနှင့်အတူ အမှာစာများသည်လည်း တစ်နှစ်ထက်တစ်နှစ် ၆၂ရာခိုင်နှုန်း လျင်မြန်စွာ မြင့်တက်ခဲ့ရာ ပထမ ၁၀ လအတွင်း၌ပင် အမှာစာ ၁၇၆ ဒသမ ၀၆ ဘီလီယံကျော် ရှိခဲ့သည်။

ပထမ ၁၀ လအတွင်း တရုတ်နိုင်ငံ၏ စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းမှ အမြတ်ခွန်စုစုပေါင်း အမေရိကန် (ဒေါ်လာ ၅၇ဒသမ၇ဘီလီယံ)သို့ ရောက်ရှိခဲ့သည်။ ထို့ကြောင့် ပြီးခဲ့သောနှစ်ထက် ၁၂ဒသမ၂ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

တရုတ်နိုင်ငံသည် မိုဘိုင်းလ်ဖုန်းသုံးစွဲမှု ကမ္ဘာတွင် ပထမအဆင့်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**



# ဘုရှ်အစိုးရ၏ စီးပွားရေးမူဝါဒများ နိုင်ငံကိုအန္တရာယ်ဖြစ်စေခဲ့ နောက်ဆုံး၌ ဘေးကျပ်နံကျပ်ဖြစ်မည်ဟု ပါမောက္ခတစ်ဦးဝေဖန်

နယူးယောက် နိုဝင်ဘာ ၂၃

**အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်အစိုးရ၏ စီးပွားရေးမူဝါဒများသည် နိုင်ငံကိုအန္တရာယ်လမ်းကြောင်းပေါ်ရောက်စေပြီး နောက်ဆုံး၌ ဘေးကျပ်နံကျပ်နှင့် နိဂုံးချုပ်ရမည်ဖြစ်ကြောင်း ပရင်စီတွန် စီးပွားရေးပါမောက္ခပေါလ်ကရုဂ်မင်းက တွေ့ဆုံမေးမြန်းခန်းတစ်ခု၌ ပြောကြားလိုက်သည်။**

**ဖော်ပြ**

ယခုလအစောပိုင်း၌ ဂျွန်ကယ်ရီကို ဘုရှ်၏အောင်နိုင်မှုသည် ဘုရှ်အစိုးရအဖွဲ့၏အများနှင့်သဘောထားကွဲလွဲသော ထင်မြင်ယူဆချက်များကိုအားဖြည့်ပေးရာမျှသာ ဖြစ်မည်ဆိုခြင်းကို မိမိစိုးရိမ်ကြောင်း ကရုဂ်မင်းက နယူးယောက်တိုင်းမ်သတင်းစာ၌ ၎င်း၏ ထင်မြင်ယူဆချက်ကို ဖော်ပြခဲ့သည်။

**လိုငွေပြ**

ယင်းသည် အမေရိကန်စီးပွားရေးကို အကြီးအကျယ်ဒုက္ခတွေ့နိုင်သည့်အခြေအနေပင်ဖြစ်ကြောင်း၊ ဘုရှ်၏ပထမသက်တမ်းတွင် လိုငွေပြမှုများ မြင့်တက်ခဲ့ပြီး ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်ချက်လျော့သွားကာ အလုပ်အကိုင်ဖန်တီးမှုမှာလည်း အားရစရာမရှိကြောင်း ၎င်းက ပြောကြားသည်။

**စိုးရိမ်**

တစ်ချိန်တည်းမှာပင် ဘုရှ်အစိုးရ၏ ဘဏ္ဍာရေးမူဝါဒများသည် ကမ္ဘာ့စီးပွားရေးအား နစ်သည်ထက်နစ်အောင် တွန်းပို့ရာရောက်မည်ကို ဂရုဂ်က စိုးရိမ်ပူပန်ခဲ့သည်။ ချုံးချုံးကျပြီဖြစ်သော အမေရိကန်ဒေါ်လာတန်ဖိုး နက်ရှိုင်းစွာ ထိုးကျခြင်းသည် နောက်ထပ်အကျပ်အတည်း တစ်ရပ်ဖြစ်ပေါ်လာနိုင်ကြောင်း ပါမောက္ခကပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

**ယာဉ်မီးလောင်**

ဘဂ္ဂဒက်မြို့လယ်တွင်ဒုံးကျည် ထိမှန်မှုကြောင့် မော်တော်ယာဉ် တစ်စီး မီးလောင်နေသည်ကို နိုဝင်ဘာ ၂၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ရုရှားသမ္မတပူတင် ဘရာဇီးနိုင်ငံသို့ ပထမဆုံးခရီးသွားရောက်လည်ပတ် နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်မှုအားဖြည့်ရေးဆွေးနွေး

မော်စကို နိုဝင်ဘာ ၂၃

**ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ၎င်း၏ ဘရာဇီးနိုင်ငံသို့ ပထမဆုံးခရီးစဉ်အဖြစ် သွားရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။ ထိုသို့ သွားရောက်လည်ပတ်ရာတွင် ရုရှားသမ္မတပူတင်သည် ဘရာဇီးနိုင်ငံသမ္မတ လူးဝစ်နာရှီယိုလူလာနှင့်အတူ ဘရာဇီးအမျိုးသားကွန်ဂရက်အဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့သည်။**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်းသို့ ရုရှားနိုင်ငံ ဝင်ရောက်ရေးအတွက် ဘရာဇီးနိုင်ငံ၏ ထောက်ခံမှုနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။ နှစ်နိုင်ငံအကြား စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုအားဖြည့်ရေးအတွက် ပူးပေါင်းလိုကြောင်း နှစ်နိုင်ငံစလုံးက ထုတ်ဖော်ပြောကြားခဲ့သည်။

**လက်မှတ်ထိုး**

ထို့အပြင် နှစ်နိုင်ငံကြား ကုန်သွယ်ရေးတိုးမြှင့်ရန် အထူးသဖြင့် အဆင့်မြင့်နည်းပညာကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာသဘောတူညီချက်များကို နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ လူမှုရေးနှင့် လုံခြုံရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းရန်လည်း နှစ်နိုင်ငံခေါင်းဆောင်များက စီစဉ်ခဲ့ကြသည်။

**ဂုဏ်ယူ**

ဤအတောအတွင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်လာရန် အရေးကိစ္စမှာ ရုရှားသမ္မတ၏ ထောက်ပံ့ကူညီမှု အတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ရုရှားနိုင်ငံက ကျိုတိုသဘောတူညီချက်ကို အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူကြောင်း ဘရာဇီးသမ္မတ လူလာက ပြောကြားခဲ့သည်။

**(စီစီတီဗွီ)**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

**ဖလူးဂျာမြို့အား အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် မီးခိုးလုံးများ တက်နေသည်ကို နိုဝင်ဘာ ၂၃ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# အီရန်မြောက်ပိုင်း၌ မူးယစ်ဆေးဝါးရှစ်တန်ကျော် သိမ်းဆည်းရရှိ

**တီဟီရန် နိုဝင်ဘာ ၂၃**

အီရန်နိုင်ငံ မြောက်ပိုင်း မာဇန်ဒါရန်ပြည်နယ်တွင် လွန်ခဲ့သည့် သီတင်းပတ်၌မူးယစ်ဆေးဝါးအမျိုးမျိုး ရှစ်တန်ကျော်သိမ်းဆည်းရရှိခဲ့ကြောင်း အိုင်အာအင်အေသတင်းဌာနကတနင်္ဂနွေနေ့၌ သတင်းထုတ်ပြန်ခဲ့သည်။

**သိမ်းဆည်း**

ဘိန်း၊ ဘိန်းဖြူနှင့် ဆေးခြောက်များပါသော မူးယစ်ဆေးဝါးများကို ပြည်နယ်အတွင်း နေရာအနှံ့၌ သီးခြားပြုလုပ်သော မူးယစ်ဆေးနှိမ်နင်းရေး စစ်ဆင်မှုများတွင် သိမ်းဆည်းရရှိခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်ရဲအဖွဲ့ သတင်းဌာနက ပြောကြားခဲ့သည်။ အီရန်နိုင်ငံတွင် မူးယစ်ဆေးဝါး သုံးစွဲခြင်းနှင့် သယ်ပို့ခြင်းသည် ဆိုးရွားသော လူမှုရေး ပြဿနာတစ်ရပ်အဖြစ် သတ်မှတ်ထားသည်။

**လမ်းဆုံ**

အီရန်နိုင်ငံသည် မူးယစ်ဆေးထုတ်လုပ်သော အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်ကို ဆက်သွယ်သော လမ်းဆုံလမ်းခွတွင် တည်ရှိပြီး ပင်လယ်ကွေ့နိုင်ငံများ၊ ဗဟိုအာရှ၊ အနောက် ဥရောပနှင့် အခြားဒေသများရှိ ဈေးကွက်များကို ဆက်သွယ်ရာ လမ်းဆုံ ဖြစ်ခဲ့သည်။ အီရန်နိုင်ငံသည် နှစ်စဉ်မူးယစ်ဆေးတိုက်ဖျက်ရေး အစီအစဉ်များတွင် ဒေါ်လာ ငါးဘီလီယံ သုံးစွဲခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ရှေးအကျဆုံး သရေစ့်မင်းဆက်ဂူသင်္ချိုင်း ဘူလ်ဂေးရီးယားအလယ်ပိုင်း၌ ရှာဖွေတွေ့ရှိ

**ဆိုဖီယာ နိုဝင်ဘာ ၂၄**

ဥရောပယဉ်ကျေးမှု၏ ရှေးအကျဆုံး သရေ့စ်မင်းဆက်များ မြှုပ်နှံရာဂူသင်္ချိုင်းကို ဘူလ်ဂေးရီးယားနိုင်ငံအလယ်ပိုင်း၌ တွေ့ရှိခဲ့သည်။ မြို့တော်ဆိုဖီယာ၏ အရှေ့ဘက် ကီလိုမီတာ ၁၀၀အကွာရှိ ဘုရင်များ၏ တောင်ကြားဟု အမည်ရှိသောဒေသ၌ မကြာမီက တွေ့ရှိခဲ့ခြင်းဖြစ်သည်။ သင်္ချိုင်းဂူတစ်ခုတွင် အခန်းသုံးခန်းပါပြီး ဂရယ်နိုက်ကျောက်တုံး တစ်တုံးတည်းကို ထွင်း၍ မြှုပ်နှံထားသည်။ ထိုနေရာမှ ရွှေ၊ငွေ၊ကြေးနှင့် မြေထည်ပစ္စည်းပေါင်း ၇၃ခုကို တွေ့ရှိခဲ့သည်။ အထောက်အထားများအရ ၎င်းဂူသည် သရေ့စ်ရှင်ဘုရင်ကို မြှုပ်နှံရာဖြစ်ကြောင်း ရှေးဟောင်း သုတေသီများက ပြောဆိုကြသည်။

**တွေ့ရှိ**

ကြေးဖြင့်ပြုလုပ်ထားသော လူဦးခေါင်းပုံကို ရှာဖွေတွေ့ရှိခဲ့ရာ နှစ်ပေါင်း ၂၅၀၀သက်တမ်းရှိပြီး ဂရိပန်းပုပညာရှင် ဖိဂတ်၏လက်ရာ ဖြစ်နိုင်ကြောင်း၊ ဦးခေါင်းမှာ ၁၀ကီလိုဂရမ်လေးကာ မျက်နှာပုံပန်းသဏ္ဌာန်ကို ပေါ်လွင်စွာ ဖော်ပြထားကြောင်း သိရသည်။

**ပြောကြား**

အခြား ဂူသင်္ချိုင်း တစ်ခု၌လည်း ၆၉၀ဂရမ်လေးသော ရွှေသားမျက်နှာဖုံးစွပ်ကို တွေ့ရှိခဲ့ရကြောင်း၊ ၎င်းဂူမှာ ဘီစီငါးရာစုအလယ်ခန့်က အုပ်စိုးခဲ့သော သရေ့စ်ဘုရင်၏ ဂူသင်္ချိုင်းဖြစ်ကြောင်း ပညာရှင်များက မှတ်ချက်ပြုကြသည်။

**(စီအင်န်အင်န်)**



# အစ္စရေးနိုင်ငံတွင် ဆင်းရဲနွမ်းပါးသူ အရေအတွက်မြင့်မား

ဂျေရုဆလင် နိုဝင်ဘာ ၂၃

**အစ္စရေးနိုင်ငံတွင် ၂၀၀၃ခုနှစ် အတွင်း၌ ဆင်းရဲနွမ်းပါးသည့် သတ်မှတ်မျဉ်းအောက်၌ နောက်ထပ် လူ၁၀၀၀၀၀ရှိကြောင်း ယမန်နှစ်နှင့်နှိုင်းယှဉ်လျက် အစ္စရေးနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာကို တနင်္ဂနွေနေ့က ထုတ်ပြန်ခဲ့သည်။**

**ညီမျှ**

အစ္စရေးနိုင်ငံ၏ အမျိုးသား အာမခံဌာနက ထုတ်ပြန်ခဲ့သော အစီရင်ခံစာ၌ အစ္စရေးနိုင်ငံ၌ ဆင်းရဲ နွမ်းပါးသူ ၁၄၃၀၀၀၀နီးပါးရှိရာ နိုင်ငံ လူဦးရေ၏ ၂၄ရာခိုင်နှုန်းနှင့် ညီမျှကြောင်း ဖော်ပြထားသည်။ အလုပ်လက်မဲ့ဖြစ်မှုသည် ၂၀၀၃ ခုနှစ်၌ အစ္စရေးတွင် အကြီးမားဆုံး ဆင်းရဲနွမ်းပါးသည့် အုပ်စုဖြစ်ခဲ့ပြီး ဆင်းရဲနွမ်းပါးသည့် မိသားစုများ၏ ဝင်ငွေသည် ပျမ်းမျှ ၇ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။ ၂၀၀၂ခုနှစ်၌ အစ္စရေးငါးဦးတိုင်းတွင် တစ်ဦးမှာ ဆင်းရဲနွမ်းပါးသည့် သတ်မှတ်မျဉ်းအောက်၌ ရှိခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

✳ ကျောဖုံးမှ

### တမူးမြို့ရောက်ရှိ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နံနက်၉နာရီခွဲတွင် ကလေးမြို့မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ တမူးမြို့သို့ နံနက်၁၁နာရီမိနစ်၅၀တွင် ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် တမူးမြို့တွင် အာဆီယံ-အိန္ဒိယ ကားပြိုင်ပွဲမှ ပြိုင်ပွဲဝင်ကားများ ညအိပ်ရပ်နားမည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

### ကြိုဆိုနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ အိန္ဒိယ-မြန်မာနယ်နိမိတ်တံတားသို့ရောက်ရှိကြပြီး ထိုမှတစ်ဆင့် အိန္ဒိယသမ္မတနိုင်ငံ မိုရေးမြို့ရှိ အမှတ်(၃၇) အာသံရိုင်ဖယ်တပ်ရင်းသို့ ဒေသစံတော်ချိန် မွန်းလွဲ၁နာရီခန့်တွင် ရောက်ရှိကြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား အမှတ်(၅၇) ရိုင်ဖယ်တပ်မမှ ဗိုလ်ချုပ် Divedi နှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီးနောက် မှတ်တမ်းတင်ဓာတ်ပုံစုပေါင်းရိုက်ကြသည်။

### ကြိုဆိုနှုတ်ဆက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ဂူဝါဟာတီမြို့သို့ မွန်းလွဲ ၂နာရီမိနစ် ၂၀တွင် ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၄) တပ်မကြီးမှူး ဒုတိယဗိုလ်ချုပ်ကြီး A.S Jamwal နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကော်လ်ကတ္တား ကောင်စစ်ဝန်ချုပ် ဦးဖေယျာဦးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့်ထွက်ခွာ၍ အမှတ်(၄) တပ်မကြီး ဧည့်ရိပ်သာသို့ ရောက်ရှိကြပြီး အမှတ်(၄) တပ်မကြီးမှူး ဒုတိယဗိုလ်ချုပ်ကြီး A.S Jamwalက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည်ခေတ္တတည်းခိုမည့် ဗစ်ရှ်ဝါရတ္တနာ ဟိုတယ်သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြသည်။

### တက်ရောက်ချီးမြှင့်

ညပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဗြဟ္မပုတ္တရ ဟိုတယ်၌ Confederation of Indian Industry ၏ ဥက္ကဋ္ဌ Mr.Sunil Kant Munjal က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ကြသည်။

### အမှာစကားပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့နှင့်အတူ နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီခွဲတွင် India Institute of Technology ရှိ Senate Hall ၌ကျင်းပသည့် North East India's Gateway to the ASEAN အစည်းအဝေးသို့ တက်ရောက်ရာ Confederation of India Industry ၏ ဥက္ကဋ္ဌ Mr. Sunil Kant Mubjal၊ အာသံပြည်နယ် ဝန်ကြီးချုပ် Mr. Tarun Gogoi နှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးဝန်ကြီးဌာန ဝန်ကြီး Mr. K Nlatwar Singh တို့က အမှာစကား အသီးသီးပြောကြားကြသည်။

ထို့နောက် အာဆီယံအတွင်းရေးမှူးချုပ် Mr. Ong Keng Yong နှင့် ASEAN နိုင်ငံများမှ ကိုယ်စားလှယ်များက အာဆီယံ-အိန္ဒိယဒေသတွင်း ခရီးသွားလာရေး၊ နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

### အရှိန်အဟုန်မြှင့်တင်

ယင်းနောက် အာဆီယံအတွင်းရေးမှူးချုပ်က အာဆီယံ-အိန္ဒိယဆိုင်ရာ နယ်စပ်ကုန်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးနှင့် သတင်းနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရေး ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် Nehru Stadium ၌ ကျင်းပသည့် 1st India-ASEAN Car Rally Flag-off အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

### စည်ကားသိုက်မြိုက်

အခမ်းအနားတွင် ရှေးဦးစွာ ASEAN+1 ကို ကိုယ်စားပြုသည့်အနေဖြင့် လေထီးခုန်သမား ၁၁ဦးတို့က ကွင်းအတွင်းသို့ လေထီးဖြင့် ဆင်းသက်လာကြသည်။ ထို့နောက် တက်ရောက် လာကြသူများအား အိန္ဒိယတပ်မတော်မှ လေအိတ်ပလွေတပ်ဖွဲ့နှင့် စစ်တီးဝိုင်းတပ်ဖွဲ့တို့က လည်းကောင်း၊ ဆိုင်ကယ်ကျွမ်းကျင်မှုပြကွက်ဖြင့်လည်းကောင်း၊ ကျောင်းသူကလေးများ၏ ကြိမ်ကွင်းအက၊ အေရိုးဗစ်လေ့ကျင့်ခန်းတို့ဖြင့်လည်းကောင်း၊ အာသံဒေသရှိ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကများဖြင့်လည်းကောင်း စည်ကားသိုက်မြိုက်စွာ တီးမှုတ်ကပြသရုပ်ပြဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်မှုများအပြီးတွင် အာသံပြည်နယ်ဝန်ကြီးချုပ် Mr. Tarun Gogoi ၊ အာဆီယံအတွင်းရေးမှူးချုပ် Mr. Ong Keng Yong၊ Confederation of India Industry ၏ဥက္ကဋ္ဌ Mr. Sunil Kant Munjal နှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် မန်မိုဟန်ဆင်းတို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြသည်။

### ပြိုင်ပွဲဖွင့်လှစ်ပေး

ထို့နောက် ဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ပြိုင်ပွဲဝင်ယာဉ်မောင်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ပြိုင်ပွဲကို Flag-off ပြုလုပ်၍ ဖွင့်လှစ်ပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါကားပြိုင်ပွဲသို့ အိန္ဒိယနှင့် အာဆီယံ(ဖိလစ်ပိုင်နိုင်ငံမပါ)နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ကားအစီး ၆၀ ဖြင့် ယာဉ်မောင်း ၂၄၀တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်ကားသုံးစီး၊ ယာဉ်မောင်း ၁၂ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ညပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဗြဟ္မပုတ္တရ ဟိုတယ်၌ အာသံပြည်နယ်ဝန်ကြီးချုပ် Mr. Tarum Gogoiက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ကြသည်။

### ကြည့်ရှုအားပေး

နိုဝင်ဘာ ၂၃ရက် နံနက် ၆နာရီတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့်နှင့်အဖွဲ့ဝင်များသည် ဂူဝါဟာတီမြို့ Justice Ground ၌ ကျင်းပသည့် ပြိုင်ပွဲဝင်ကားများ စတင်တာလွှတ်သည့် အခမ်းအနားသို့ တက်ရောက်ရာ အာသံပြည်နယ် ဝန်ကြီးချုပ်က ပြိုင်ပွဲဝင်ကားများကို Flag-off ပြုလုပ်၍ စတင်တာလွှတ်ပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များက မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်ကားများနှင့် ယာဉ်မောင်းများအား ကြည့်ရှုအားပေးကြသည်။

### ထိုင်းနိုင်ငံသို့ဆက်မည်

အဆိုပါ Car Rally ခရီးစဉ်အစအဆုံးမှာ ၇၈၆၉ကီလိုမီတာရှိပြီး အိန္ဒိယနိုင်ငံတွင် ကီလိုမီတာ၆၉၀၊ မြန်မာနိုင်ငံတွင် ၄၃၉ကီလိုမီတာ၊ ထိုင်းနိုင်ငံတွင် ကီလိုမီတာ၂၂၃၀၊ လာအိုနိုင်ငံတွင် ၆၄၂ကီလိုမီတာ၊ ဗီယက်နမ်နိုင်ငံတွင် ၁၃၁၂ကီလိုမီတာ၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၆၄၂ကီလိုမီတာ၊ မလေးရှားနိုင်ငံတွင် ၈၅၃ကီလိုမီတာ၊ စင်ကာပူနိုင်ငံတွင် ကီလိုမီတာ ၅၀ ဖြတ်သန်းမောင်းနှင်၍ Ferry ဖြင့်ကူးဖြတ်ကာ အင်ဒိုနီးရှားနိုင်ငံ Battamမြို့သို့ ဒီဇင်ဘာ ၁၁ရက်တွင် ပန်းဝင် ကြမည်ဖြစ်သည်။

ပြိုင်ပွဲစတင်တာထွက်သည့် နိုဝင်ဘာ ၂၃ရက်မှစတင်၍ ကမ္ဘောဒီးယားနိုင်ငံတွင် ဘုရားဖူးအစီအစဉ်တစ်ရက်အပါအဝင်စုစုပေါင်း ၁၉ရက်ကြာမြင့်မည်ဖြစ်၍ တစ်ရက်လျှင်ပျမ်းမျှ ကီလိုမီတာ ၄၄၀ခန့်မောင်းနှင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ မြန်မာနိုင်ငံတမူးမြို့သို့ နိုဝင်ဘာ ၂၄ရက်ညနေပိုင်းတွင် ရောက်ရှိပြီး ၂၅ရက်တွင် မန္တလေးမြို့၌လည်းကောင်း၊ ၂၆ရက်တွင် လွိုင်လင်မြို့၌လည်းကောင်း၊ ၂၇ရက်တွင် ကျိုင်းတုံမြို့၌လည်းကောင်း ညအိပ်ရပ်နားကြမည်ဖြစ်ပြီး ၂၈ရက်တွင် ကျိုင်းတုံ-တာချီလိတ်မှတစ်ဆင့်ထိုင်းနိုင်ငံသို့ ဆက်လက်မောင်းနှင်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်းသိရှိရသည်။

စာမျက်နှာ ၇ ကော်လံ ၁



1stIndia-ASEAN Car Rally Flag-offအခမ်းအနားတွင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ကားပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)






နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များ North-East India's Gateway to the ASEANအစည်းအဝေးသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များ အိန္ဒိယ သမ္မတနိုင်ငံ မိုရေးမြို့သို့ ရောက်ရှိရာ အမှတ်(၅၇) ရိုင်ဖယ် တပ်မမှ ဗိုလ်ချုပ် Divedi နှင့် တာဝန်ရှိသူများနှင့် အတူ အမှတ်တရ ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

25-11 (06).p65 1 3/24/05, 8:50 PM

# (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ စတင်ကျင်းပ ပြိုင်ပွဲအလိုက်ဆုရရှိသူများအားဆုတံဆိပ်များပေးအပ်ချီးမြှင့်

**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၆)ကြိမ်မြောက် အာရှဝူရှူး တံခွန်စိုက်ပြိုင်ပွဲကို ယနေ့ နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌စတင်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အားကစားဝန်ကြီးဌာန ဝန်ကြီး အာရှဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Li Zhijian၊ ကမ္ဘာ့ဝူရှူး အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဝူရှူး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဝူရှူးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲတွင် အမျိုးသမီး ထိုက်ချိချွမ်ပြိုင်ပွဲ၊ အမျိုးသား ချမ်းစုပြိုင်ပွဲ၊ အမျိုးသား တောင်းဆုပြိုင်ပွဲ၊ အမျိုးသမီး ကွန့်စုပြိုင်ပွဲ၊ အမျိုးသား ထိုက်ချိကျန့် ပြိုင်ပွဲတို့ကိုကျင်းပပြီး ပြိုင်ပွဲအလိုက် ဆုရရှိကြသူများအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အားကစားဝန်ကြီးဌာနဝန်ကြီး အာရှ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Li Zhijian၊ ကမ္ဘာ့ဝူရှူး အဖွဲ့ချုပ် အတွင်းရေးမှူးနှင့် မြန်မာနိုင်ငံ ဝူရှူး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေးတို့က ဆုတံဆိပ်များနှင့်ဂုဏ်ပြုပန်းစည်းများ ကိုပေးအပ်ချီးမြှင့်ကြသည်။

**ကျင်းပမည်**

အဆိုပါ ပြိုင်ပွဲကို နိုဝင်ဘာ ၂၇ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

### ● (၆)ကြိမ်မြောက်မှ

ပထမဆုရရှိသည့် ခိုင်ခိုင်မော်နှင့် ဒုတိယဆုနှင့် တတိယဆု ရရှိကြသူများအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က ဆုတံဆိပ်များချီးမြှင့်ပြီး မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေးက ဂုဏ်ပြုပန်းစည်းများ ပေးအပ်သည်။ **(သတင်းစဉ်)**



နိုဝင်ဘာ ၂၄ရက်က ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့်ဇနီး ဒေါ်မူမူဝင်း ဝန်ထမ်းမိသားစုများ၏ (၁၂)ကြိမ်မြောက် ဘုံကထိန်တွင် ဆရာတော်ထံ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (ဟိုတယ်/ခရီး)

**စာမျက်နှာ ၆ မှ**

ထိုမှတစ်ဆင့် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ကွင်းသို့သွားရောက်ကြရာ ရဟတ်ယာဉ်ကွင်းတွင် အိန္ဒိယတပ်မတော် အမှတ်(၄)တပ်မမှူးကြီး ဒုတိယဗိုလ်ချုပ်ကြီး A.S Jamwalနှင့် တပ်မတော်အရာရှိကြီးများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့်ထွက်ခွာလာရာ မိုရေးမြို့သို့ရောက်ရှိကြပြီး ထိုမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ တမူးမြို့သို့ မွန်းလွဲ ၁၂နာရီခွဲတွင် ရောက်ရှိကြသည်။

**လိုအပ်ချက်များဖြည့်ဆည်းပေး**

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် အဖွဲ့ဝင်များနှင့်အတူ တမူးမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စည်ပင်သာယာဈေးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များဖြင့် ထွက်ခွာ၍ တမူး-ကလေးလမ်းတစ်လျှောက် စက်ယန္တရားများဖြင့် ရေနုတ်မြောင်းများတူးဖော်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ညနေ ၃ နာရီတွင် ကလေးမြို့သို့ ရောက်ရှိပြီး ကလေး စက်မှုဇုန်မှ ထုတ်လုပ်သော မော်တော်ယာဉ်များကို သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား စက်မှုထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကလေးမြို့မှ မြန်မာ့လေကြောင်းဖြင့် ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရွှေပြည်ဟိန်းကျောင်း အထူးတရားပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ သာမညဖလအခါတော်နေ့အဖြစ် ဓမ္မပူဇာသဘင်ကျင်းပမည်ဖြစ်ရာ နိုဝင်ဘာ၂၈ရက် ညတွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ ၂၉ရက်ညတွင် သီတဂူကြာတစ်ပွင့် အရှင်ခေမာသိရီလင်္ကာရ၊ ၃၀ရက်ညတွင် စစ်ကိုင်း အရှင်ခေမိန္ဒနှင့်ဒီဇင်ဘာ၁ရက်ညတွင် တိပိဋကရေ ယောဆရာတော် အရှင်သီရိန္ဒာဘိဝံသ တို့က အနုမောဒနာတရားတော်များ ဟောကြားကြမည်ဖြစ်ကြောင်းသိရသည်။**(က-ပ)**

**Third Meeting of the ASEAN Committee on Women**
**29 November - 1 December 2004**
**YANGON, MYANMAR**

# မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ဝင်ခွင့်ရရှိသူများစာရင်းကြေညာ

ရန်ကုန် နိုဝင်ဘာ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့၏ ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ်သင်တန်းများကို၂၀၀၄ခုနှစ် **ဒီဇင်ဘာ ၁ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ အဆိုပါတက္ကသိုလ်များသို့ ဝင်ခွင့်ရရှိသော ကျောင်းသားများ စာရင်းကို နိုဝင်ဘာ၂၅ရက်(ကြာသပတေးနေ့)တွင် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် သီလဝါ သန်လျင်မြို့၊ ရန်ကုန်နည်းပညာတက္ကသိုလ် ကြို့ကုန်း အင်းစိန်မြို့နယ် ရန်ကုန်မြို့နှင့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် မိတ္ထီလာမြို့ တို့၌ ကပ်ထားမည်ဖြစ်သည်။ အဆိုပါတက္ကသိုလ်များသို့ ဝင်ခွင့်ရရှိသော ကျောင်းသားများသည် နိုဝင်ဘာ၂၉ ရက်မှ ဒီဇင်ဘာ၁၅ရက်အထိ သက်ဆိုင်ရာတက္ကသိုလ်များ၌ ကျောင်းဝင်မှတ်ပုံတင်စာရင်းသွင်းကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)



**1st India-ASEAN Car Rally Flag-off အခမ်းအနားတွင် မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင် အားကစားသမားများကိုတွေ့ရစဉ်။** (သတင်းစဉ်)

## ပထဝီနှင့်အာကာသသတင်းနည်းပညာဆိုင်ရာညီလာခံဖွင့်

**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာ Credent Technology က ကြီးမှူး၍ ၂၀၀၄ခုနှစ် ပထဝီနှင့် အာကာသသတင်းနည်းပညာဆိုင်ရာ ညီလာခံ(2004 Geospatial IT Conference)ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၇ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦးနှင့် Credent Technology Asia မှ ဒုတိယဥက္ကဋ္ဌ Mr. Pagadala Vijayတို့က အမှာစကားပြောကြားကြပြီး မြန်မာ Credent Technology မှ အထွေထွေမန်နေဂျာ ဦးဇော်နိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် Mr. Pagadala Vijay နှင့် တာဝန်ရှိသူများက GIS Software များကို သက်ဆိုင်ရာဌာနများသို့ ပေးအပ်လှူဒါန်းကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါညီလာခံကို နိုဝင်ဘာ၁၉ရက်အထိကျင်းပခဲ့ပြီး GISနည်းပညာဆိုင်ရာ စာတမ်းများဖတ်ကြားခြင်း၊ သင်တန်းပေးခြင်း၊ နည်းပညာများ ဖြန့်ဝေခြင်းနှင့် နှီးနှောဖလှယ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

## ဝိပဿနာခုနစ်ရက် တရားစခန်းဖွင့်မည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

အနာဂါမ် ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်း ဆရာကြီး ဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော မြန်မာလပြည့်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် အကြိမ်(၁၂၀)မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက် တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ဓမ္မရိပ်သာ၌ နိုဝင်ဘာ ၂၆ရက် ညနေ ၆နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း- ၂၅၄၉၀၆ နှင့် ၀၅၆-၂၁၄၃၂တို့သို့ ဆက်သွယ်စာရင်းသွင်းနိုင်ပြီး တရားစခန်းဖွင့်မည့် နိုဝင်ဘာ ၂၆ရက် ညနေ ၃နာရီထက် နောက်မကျစေဘဲ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များ ယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာ အသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

## သီတဂူဆရာတော်တရားပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၄**

မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇအဂ္ဂမဟာပဏ္ဍိတ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ သီတဂူ ဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt) က (၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့) နိုဝင်ဘာ၂၆ရက် (သောကြာနေ့)ည၇နာရီတွင် ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ဓမ္မာရုံ၌ ကထိန်အလှူတော်အောင်ပွဲအဖြစ် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## ပညာရှင်အဆင့် ရက်တိုသင်တန်းဆင်း

**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းက ကြီးမှူးဖွင့်လှစ်ခဲ့သော Practical Aspects of Exploration in Myanmar ပညာရှင်အဆင့် ရက်တိုသင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၈ရက် နံနက် ၁၀နာရီတွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း(ရုံးချုပ်)ရှိ အသင်းရုံးခန်း၌ ကျင်းပခဲ့ပြီး သင်တန်းဆင်းလက်မှတ်များကို အသင်းဥက္ကဋ္ဌ ဒေါက်တာဦးသိန်းက ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသော အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ အာရှဝူရှူးအဖွဲ့

## ပြိုင်ပွဲသို့ ဘင်္ဂလားဒေ့ရှ်၊ ဘရူနိုင်း၊ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရ
## မွန်ဂိုလီးယား၊ နီပေါ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)၊ ထိုင်း၊ တာမင်နစ္စ




**အဖွင့်အမှာစကားပြော**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)






(၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း ထိုက်ချီချွမ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပထမဆုံးရွှေတံဆိပ်ရယူပေးသူ ခိုင်ခိုင်မော်ဆုယူအပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို ထိပ်ဆုံးသို့ လွှင့်တင်နေစဉ်။

(ဓာတ်ပုံ-မြန်မာ့အလင်း)




● ရှေ့ဖုံးမှ

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အားကစားဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ဝူရှူးအဖွဲ့ချုပ်မှ တာဝန်

**(၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း ထိုက်ချီချွမ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးသွားသော မြန်မာနိုင်ငံမှ ခိုင်ခိုင်မော်အား မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေးက ဂုဏ်ပြုပန်းစည်းချီးမြှင့်စဉ်။ (ဓာတ်ပုံ-မြန်မာ့အလင်း)**



**ကစားကွက် အလှသရုပ်ပြသ**

(၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဝူရှူး အားကစား မောင် မယ် များ ဝူရှူးကစားကွက် အလှ သရုပ်ပြသ ဖျော်ဖြေနေစဉ်။

(ဓာတ်ပုံ-မြန်မာ့အလင်း)



# ပွဲ အာရှဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အားကစားဝန်ကြီးဌာနဝန်ကြီး ဖွင့်လှစ်ပေး

## င်ဒိုနီးရှား၊ အီရန်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ မကာအို၊ ကာဇက်စတန်၊ မလေးရှား၊ ထိုင်း၊ တာမင်နစ္စတန်၊ ဥဇဘက်ကစ္စတန်၊ ဗီယက်နမ်၊ ယီမင်နှင့် မြန်မာနိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်



ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

အာရှနိုင်ငံအတွင်းက ပြိုင်ပွဲဝင် ဝူရှူးအဖွဲ့ချုပ် ၂၅ ခုတို့၏ အကောင်းဆုံး ဝူရှူးအားကစားသမား ၅၀၀ ခန့် ပါဝင်ယှဉ်ပြိုင်သည့် (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲကြီးကို မိမိတို့အနေဖြင့် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရသည့် အတွက်လည်း အာရှဝူရှူးအဖွဲ့ချုပ်ကို များစွာကျေးဇူးတင်ရှိပါကြောင်း။

ယင်းနောက် ပြိုင်ပွဲဝင်အားကစားသမားများကိုယ်စား မြန်မာနိုင်ငံဝူရှူးလက်ရွေးစင်အားကစားသမား ဇော်ဇော်မိုးက အားကစားအဓိဋ္ဌာန်ရွတ်ဆိုသည်။

### လိုက်လံနှုတ်ဆက်

ထို့နောက် မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အားကစားဝန်ကြီးဌာနဝန်ကြီး အာရှဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Li Zhijian နှင့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်



**ပထမရွှေတံဆိပ်ဆွတ်ခူးရရှိသော ခိုင်ခိုင်မော်အား ဆုချီးမြှင့်**

**မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း ထိုက်ချီချွမ်ပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆွတ်ခူးသွားသော မြန်မာနိုင်ငံမှ ခိုင်ခိုင်မော်အား ဆုချီးမြှင့်စဉ်။**

**(ဓာတ်ပုံ–မြန်မာ့အလင်း)**



**ဝူရှူးကစားကွက် အလှ သရုပ်ပြသဖျော်ဖြေ**

**(၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဝူရှူးအားကစားမောင်မယ်ကလေးများ ဝူရှူးကစားကွက် အလှ သရုပ်ပြသ ဖျော်ဖြေကြစဉ်။ (ဓာတ်ပုံ–မြန်မာ့အလင်း)**





**အာရှဝူရှူး တံခွန်စိုက်ပြိုင်ပွဲ ဖွင့်လှစ်**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ အားကစားဝန်ကြီးဌာန ဝန်ကြီး အာရှဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Li Zhijian က နှုတ်ခွန်းဆက်စကား ပြောကြားပြီး (၆)ကြိမ်မြောက် အာရှဝူရှူး တံခွန်စိုက်ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)**

**အားကစား အဓိဋ္ဌာန်ရွတ်ဆို**

**(၆)ကြိမ်မြောက် အာရှဝူရှူး တံခွန်စိုက်ပြိုင်ပွဲဝင် အားကစားသမားများကိုယ်စား မြန်မာနိုင်ငံ ဝူရှူးလက်ရွေးစင် အားကစားသမား ဇော်ဇော်မိုးက အားကစား အဓိဋ္ဌာန်ရွတ်ဆိုစဉ်။(သတင်းစဉ်)**



ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အားကစားဝန်ကြီးဌာန ဝန်ကြီး အာရှ ဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Li Zhijian၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ နိုင်ငံတကာ ဝူရှူးဒိုင်လူကြီးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသူများ၊ ဝူရှူးအားကစားပရိသတ်များ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် ဘင်ခရာနှင့် ပန်းဖွားအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းသို့ ဝင်ရောက်နေရာယူကြသည်။

### ဂုဏ်ယူဝမ်းမြောက်

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီတို့၏ ကိုယ်စား လှိုက်လှဲစွာ ကြိုဆိုပါကြောင်းနှင့် (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်

တစ်ချိန်တည်းမှာပင် ဤပြိုင်ပွဲကို ထူးထူးခြားခြား တာဝန်ယူကျင်းပသည့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်ကိုလည်း ဂုဏ်ပြုချီးကျူးလိုကြောင်း။

### အလားအလာကောင်းများရရှိ

ယခုပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မနားမနေအားထုတ်ကြိုးပမ်းဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြသည့် တာဝန်ရှိသူအသီးသီးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယခု ကြိုးပမ်းအားထုတ်မှုများအနေဖြင့် ဝူရှူးအားကစားနည်း တိုးတက်ရေးအတွက် အလားအလာကောင်းများ ရရှိသွားမည်ဟုလည်း ယုံကြည်ထားပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အားကစားဝန်ကြီးဌာန ဝန်ကြီး အာရှဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Li Zhijian က နှုတ်ခွန်းဆက်စကား ပြောကြားပြီး (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။

ဆက်လက်၍ (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံတကာဒိုင်လူကြီးအဖွဲ့ကိုယ်စား အီရန်နိုင်ငံမှ ဒိုင်လူကြီး Mr.Ali က ဒိုင်လူကြီးအဓိဋ္ဌာန် ရွတ်ဆိုသည်။

ဥက္ကဋ္ဌ ဦးခင်မောင်လေးတို့က ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်မှ အားကစားသမားများနှင့် ဧည့်သည်တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝူရှူးသရုပ်ပြအဖွဲ့တို့က ဝူရှူးအားကစားဖြင့်သရုပ်ပြသကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### နိုဝင်ဘာ ၂၇ ရက်အထိကျင်းပမည်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲသို့ ဘင်္ဂလားဒေ့ရှ်၊ ဘရူနိုင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရန်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ မကာအို၊ ကာဇက်စတန်၊ မလေးရှား၊ မွန်ဂိုလီးယား၊ နီပေါ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)၊ ထိုင်း၊ တာမင်နစ္စတန်၊ ဥဇဘက်ကစ္စတန်၊ ဗီယက်နမ်၊ ယီမင်နှင့် အိမ်ရှင်မြန်မာတို့မှ အသင်းပေါင်း ၂၄ သင်း၊ အားကစားသမား ၅၃၀ တို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို နိုဝင်ဘာ ၂၇ ရက် အထိ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# တန်ဆောင်မာသ သမယ

ဦးကျော်စိန်
(မန္တလေး)

**တန်ဆောင်မုန်းလ၌ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ တစ်နှစ်မှ တစ်လ၊ တစ်လမှ တစ်ကြိမ်သာ လှူဒါန်းခွင့်ရသော ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲများကို မြို့ရွာတောရွာများပါမကျန် နေရာဒေသအလိုက် ခြိမ့်ခြိမ့်သဲ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ ထို့အပြင် မသိုးသင်္ကန်း ရက်လုပ်ဆက်ကပ်လှူဒါန်းသည့် ပွဲတော်၊ မီးထွန်းပွဲတော်၊ သာမညဖလသုတ်ရွတ်ဖတ်ပူဇော်သည့် ပွဲတော်များကိုလည်း ကျင်းပကြသည်။** ဤကဲ့သို့ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းခွင့် ရရှိခြင်းမှာ မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မှုန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ပါဝေယျကတိုင်းသား ရဟန်းများကို အကြောင်းပြု၍ **"အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုဋ္ဌာနံ ကထိနံ အတ္ထရိတုံ"**ဟူ၍ ဆရာ၊ ဒကာ နှစ်ဦးသားတို့အား အကျိုးတရားများစွာကို ပေးစွမ်းနိုင်သော ကထိန်ခင်းခြင်းအမှုကို ခွင့်ပြုတော်မူခဲ့၏။ ထိုအချိန်အခါမှစ၍ ဗုဒ္ဓဘာသာဝင် သူတော်စင် ဒါယကာ ဒါယိကာမအပေါင်းတို့သည် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းခွင့် ရရှိခဲ့ကြသည့်နည်းတူ ရဟန်းတော်များသည်လည်း ကထိန်ခင်းခြင်းဖြင့် ကထိန်အာနိသင် အကျိုးတရားများကို ခံစားခွင့် ရရှိခဲ့ကြသည်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါက ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်မင်းသည် ခမည်းတော် ဗိမ္ဗိသာရမင်းကို သတ်မိခဲ့သည့် ပိတုဃာတကကံ၊ ရှင်ဒေဝဒတ်က ဘုရားရှင်ကို ပရိနိဗ္ဗာန်ပြုစေရန်နှင့် သွေးစိမ်းတည်ရန် ပြုစေမှုတို့တွင် အားပေးကူညီခဲ့သည့် မကောင်းမှုကံဟူသော အကုသိုလ်ကံတို့ကြောင့် နေ့တိုင်းလိုလိုပင် စိတ်မချမ်းမသာ ဖြစ်ရသည့်အပြင် အိပ်မပျော်သည့် ပြင်းထန်ကြမ်းတမ်းသော ရောဂါဝေဒနာ စွဲကပ်ခဲ့သည်။ အိပ်ပျော်လုနီးအချိန်သို့ ရောက်လေတိုင်း မျက်လုံးများကို လှံပေါင်းများစွာဖြင့် ထိုးဆွခြင်း ခံရသကဲ့သို့ ခံစားရပြီး ထိတ်လန့်တုန်လှုပ်စွာ အိပ်ရာမှ နိုးခဲ့ရသည်။ အဇာတသတ်မင်းသည် ဝေဒနာပျောက်ကင်းစေရန် သမားတော်ကြီး ဇီဝကအား ကုစားစေသော်လည်း ကုစား၍မရခဲ့ပေ။ တစ်ဖန် စိတ်သက်သာမှု ရှိစေရန်အတွက် အမတ်ကြီးများ၏ အကြံပေး လျှောက်တင်ချက်အရ ထိုအချိန်က ထင်ရှားသော တိတ္ထိဆရာကြီး ခြောက်ယောက်ထံ ချဉ်းကပ်သော်လည်း စိတ်သက်သာခွင့် မရရှိဘဲ စိတ်နှလုံး မချမ်းမသာစွာ ပြန်လာခဲ့ရသည်။

အဇာတသတ်မင်းသည် မွေ့လျော်ဖွယ်ကောင်း၍ လှပတင့်တယ် ရှုကြည့်ချင်စဖွယ် ကြည်လင်ရွှန်းပ မေ့မရနိုင်သော တန်ဆောင်မုန်းလပြည့်နေ့၌ မြတ်စွာဘုရားရှင်ထံ ချဉ်းကပ်လိုသဖြင့် တန်ဆောင်မုန်းလပြည့်ည၏ သာယာလှပတင့်တယ်ပုံများကို ချီးမွမ်းစကား ပြောကြားကာ ဆိတ်ဆိတ်နေသော သမားတော်ကြီး ဇီဝကအား သင့်မှာ ကိုးကွယ်အားထားရာ ဆရာမရှိလေသလားဟု မေးမြန်းသည်။ ဆရာဇီဝကသည် မြတ်စွာဘုရားရှင်ရှိရာအရပ်သို့ လက်အုပ်ချီမိုးရှိခိုးလျက် မိမိကိုးကွယ်ဆည်းကပ်သော မြတ်စွာဘုရားရှင်၏ ဂုဏ်တော်များကို ရွတ်ပွားကျူးရင့်ကာ အဇာတသတ်မင်းအား မြတ်စွာဘုရားရှင်ထံသို့ သွားရောက်ဖူးမြော်ရန် တိုက်တွန်းလေသည်။

တန်ဆောင်မုန်းလ၌ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ တစ်နှစ်မှ တစ်လ၊ တစ်လမှ တစ်ကြိမ်သာ လှူဒါန်းခွင့်ရသော ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲများကို မြို့ရွာတောရွာများပါမကျန် နေရာဒေသအလိုက် ခြိမ့်ခြိမ့်သဲ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ ထို့အပြင် မသိုးသင်္ကန်း ရက်လုပ်ဆက်ကပ်လှူဒါန်းသည့် ပွဲတော်၊ မီးထွန်းပွဲတော်၊ သာမညဖလသုတ် ရွတ်ဖတ်ပူဇော်သည့် ပွဲတော်များကိုလည်း ကျင်းပကြသည်။

ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းသည် သမားတော်ကြီး ဇီဝက၏ အစီအစဉ်ဖြင့် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဆရာဇီဝက၏ သရက်ဥယျာဉ်ကျောင်းတော်သို့ ကြီးကျယ်လှသည့် မင်းခမ်းမင်းနားဖြင့် ထွက်တော်မူလာခဲ့၏။ မြတ်စွာဘုရား သီတင်းသုံးတော်မူရာသို့ ရောက်ရှိသည့်အခါ မြတ်စွာဘုရားကိုရှိခိုး၍ ရဟန်းသံဃာတို့ကို လက်အုပ်ချီပြီး နေရာတစ်ခုတွင် ထိုင်ကာ မြတ်စွာဘုရားအား ပြဿနာတစ်ခုကို မေး လျှောက်ရန် ခွင့်ပန်၏။ မြတ်စွာ ဘုရားထံမှ ခွင့်ပြုချက်ရရှိလျှင် အဇာတသတ်မင်းက "မြတ်စွာဘုရား– ဤလောကမှာ အသက်မွေးဝမ်းကျောင်း အတတ်ပညာအမျိုးမျိုးကို တတ်ကြသော သူတို့သည် ယခုဘဝမှာပင် မိမိတို့တတ်ထားသည့် အတတ်ပညာဖြင့် ကြိုးစားအားထုတ်၍ စီးပွားချမ်းသာကို ရရှိခံစားကြသကဲ့သို့ ယခုဘဝမှာပင် ကိုယ်တိုင်သိမြင်သည့် ရဟန်းအဖြစ် အကျိုးပြုခြင်းငှာ တတ်နိုင်ပါမည်လား" ဟူ၍ လျှောက်ထားသည်။ မြတ်စွာဘုရားရှင်သည် အမေးပြဿနာကို ဖြေကြားသည့်အနေဖြင့် အဇာတသတ် မင်းကြီးအား သာမညဖလ (ရဟန်းပြုခြင်းအကျိုး)ကို ဟောတော်မူသည်။ မြတ်စွာဘုရားရှင် ဟောကြားတော်မူသည့် ရဟန်းအဖြစ်အကျိုးများမှာ–

၁။ မင်းခစားမင်းမှုထမ်းသည် ရဟန်းပြုပြီး ကောင်းမွန်စွာသာသနာ့တာဝန်ကို ထမ်းဆောင်နေပါမူ မင်းပြစ်မင်းဒဏ်မှ ကင်းလွတ်ပြီး မင်းနှင့်တကွသော လူအပေါင်းတို့၏ ပူဇော်မှုကိုခံယူကာ ပစ္စည်းလေးပါးတို့ကိုလည်း ခံယူသုံးဆောင် နိုင်ခြင်းအကျိုး။

၂။ အခွန်ထမ်းဆောင်မှု ကင်းလွတ်ခြင်းအကျိုး။

၃။ ပါတိမောက္ခသံဝရသီလ၊ (စာရိတ္တသီလနှင့်ဝါရိတ္တသီလ)နှင့် ပြည့်စုံသဖြင့် အပါယ်ဘေးမှ ကင်းဝေးခြင်းအကျိုး။

၄။ ဒုစရိုက်ကို ရှောင်သဖြင့် ဒုစရိုက်ဒုက္ခမှကင်းလွတ်ပြီး စူဠသီလနှင့် ပြည့်စုံခြင်း အကျိုး။

၅။ ပွဲသဘင်အမျိုးမျိုး၊ ကစားပွဲအမျိုးမျိုး၊ မကောင်းသောစကားအမျိုးမျိုး တို့မှ ရှောင်ကြဉ်သဖြင့် ထိုဒုက္ခများမှ ကင်းလွတ်၍ မဇ္ဈိမသီလနှင့် ပြည့်စုံခြင်းအကျိုး။

၆။ နက္ခတ်၊ ဗေဒင်၊ ယတြာ၊ လက္ခဏာ၊ ဆေးကုခြင်းတို့မှ ရှောင်ကြဉ်သဖြင့် အာဇီဝပါရိ သုဒ္ဓိသီလ(အသက်မွေးမှု စင်ကြယ်ခြင်းသီလ)နှင့် ညီညွတ်ပြီး မဟာသီလနှင့်ပြည့်စုံခြင်းအကျိုး။

၇။ ဣန္ဒြေခြောက်ပါးတို့၌ အကုသိုလ်မဖြစ်အောင် စောင့်စည်းနိုင်ခြင်း အကျိုး။

၈။ သွားလာလှုပ်ရှား လုပ်ကိုင်ခြင်းအစရှိသည့် အလုပ်ကိစ္စဟူသမျှတို့၌ သတိရှိလျက် ဉာဏ်ဖြင့်ပိုင်းခြား၍ သိရခြင်းဟူသော သတိသမ္ပဇဉ် နှင့် ပြည့်စုံခြင်းအကျိုး။

၉။ ပစ္စည်းလေးပါးတို့မှ ရသမျှဖြင့် ရောင့်ရဲတင်းတိမ်နိုင်သည့် သန္တောသနှင့် ပြည့်စုံခြင်းအကျိုး။

၁၀။ နီဝရဏငါးပါးတို့မှ ကင်းသဖြင့် နှစ်သက်ဝမ်းမြောက်မှုပီတိ၊ ငြိမ်းအေးမှု ပဿဒ္ဓိတို့ ခြံရံအပ်သည့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုရှိ၍ သမာဓိအလွန်တည်ငြိမ်ခြင်း အကျိုး။

၁၁။ ပထမစျာန်၊ ဒုတိယစျာန် အစရှိသည့် စျာန်တရားတို့ကိုရနိုင်ခြင်း အကျိုး။

၁၂။ ဝိဇ္ဇာရှစ်ပါးနှင့်ပြည့်စုံ၍ မဂ်ဖိုလ်ရခြင်းအကျိုးတို့ ဖြစ်သည်။

ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းသည် မြတ်စွာဘုရားဟောကြားတော်မူသော သာမညဖလသုတ္တန်ဒေသနာကို ကြားနာရသည့်အဆုံးတွင် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သည့် ဥပါသကာအဖြစ်သို့ ရောက်ရှိသွားသည်။ ယင်းသည့်နောက် အဇာတသတ်မင်းကြီးသည် မိမိကျူးလွန်ခဲ့မိသော ခမည်းတော်ကို သတ်မိခဲ့သည့်အပြစ်ကို ဝန်ချတောင်းပန်သည်။ အဇာတသတ်မင်းသည် မြတ်စွာဘုရားရှင်ဟောတော်မူသည့် တရားတော်ကို အလွန်နှစ်သက်စွာခံယူ၍ မြတ်စွာဘုရားကို ရှိခိုးအရိုအသေပြုကာ ဖဲခွာသွားခဲ့သည်။ အဇာတသတ်မင်း ပြန်သွား၍ မကြာမီပင် မြတ်စွာဘုရားက ရဟန်းတို့ကို "ရဟန်းတို့–ဤမင်းသည် တရားစောင့်၍ တရားသဖြင့် မင်းပြုသည့်ခမည်းတော်ကို မသတ်မိပါမူ ဤနေရာတွင်ပင် သောတာပတ္တိမဂ်ဉာဏ်ပေါ်နိုင်သည်" ဟူ၍ မိန့်တော်မူသည်။

အဇာတသတ်မင်းသည် သာမညဖလဒေသနာတော်ကို ကြားနာရသည့်အဆုံးတွင် သောတာပန်ပုဂ္ဂိုလ်အဖြစ်သို့ ဖြစ်ထိုက်ပါသော်လည်း အရှင်ဒေဝဒတ်ကို ဆရာတင်မိသည့်အတွက် ခမည်းတော်ဗိမ္ဗိသာရမင်းကြီးကို သတ်မိခဲ့သည့် ပိတုဃာတကကံကြောင့် အရိယာမဂ်နှင့်လွဲခဲ့ရသည့်အပြင် နတ်ရွာစံကံတော်ကုန်သည့်အခါ မဟာအဝီစိငရဲတွင် ကျရောက်ရမည်ဖြစ်ပေသည်။ ဤသို့အားဖြင့် မိမိတို့ အထွတ်အထိပ်ထားသည့် ရတနာသုံးပါးနှင့် မိဘဘိုးဘွားဆရာသမား၊ မိမိထက် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကြီးမားသည့် ပုဂ္ဂိုလ်များ၊ အသက်အရွယ်ကြီးမားသည့်ပုဂ္ဂိုလ်များကို ကာယကံမြောက်၊ ဝစီကံမြောက် မကျူးလွန် မပြစ်မှားမိကြစေရန် ရှောင်ကြဉ်ကြရပါမည်။ မပြစ်မှားထိုက်သည့် ပုဂ္ဂိုလ်များကို ပြစ်မှားမိပါက ဒဏ် ၁၀ပါး သင့်တတ်ကြောင်းကို ဓမ္မပဒပါဠိတော်များတွင် မြတ်ဗုဒ္ဓဟောကြားထားတော်မူသည်။ ယင်းဒဏ် ၁၀ ပါးမှာ–

၁။ ပြင်းထန်ကြမ်းတမ်းသော ဝေဒနာစွဲကပ်ခြင်း၊

၂။ ဥစ္စာပစ္စည်း ကုန်ခန်းဆုံးရှုံးခြင်း၊

၃။ ကိုယ်အင်္ဂါ ပျက်စီးရခြင်း၊

၄။ ကြီးမားသော အနာမျိုးဖြစ်ပွားခြင်း၊

၅။ စိတ်ဓာတ်မမှန် သိဉာဏ်ကွာကင်း ရူးသွပ်ရခြင်း၊

၆။ မင်းပြစ်မင်းဒဏ် ခံရခြင်း၊

၇။ မဟုတ်မတရားကြီးမားသော စွပ်စွဲခြင်း ခံရခြင်း၊

၈။ မိုခိုလောက်သော ဆွေမျိုးတို့ ဥစ္စာကုန်ခန်း ပျက်စီးခြင်း၊

၉။ သိမ်းဆည်းထားသော သက်ရှိသက်မဲ့ပစ္စည်းများ ပျက်စီးခြင်း၊

၁၀။ နေရာ၊ အိမ်တို့ကို မီးလောင်ခံရခြင်း

တို့ဖြစ်သည်။ ယခု ပစ္စက္ခဘဝတွင်ပင် ယင်းဒဏ်၁၀ပါးတို့တွင် တစ်ပါးပါးကို ခံရတတ်ပေသည်။

ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်မင်းသည် မပြစ်မှားသင့် မပြစ်မှားထိုက်သော ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်မိခဲ့သည့် ပိတုဃာတကကံ၊ အရှင်ဒေဝဒတ်က ဘုရားရှင်ကို ပရိနိဗ္ဗာန်စံဝင်စေရန် ပြုသည့်အမှုတို့တွင် အားပေးကူညီခဲ့သည့် အကုသိုလ်ကံတို့ကြောင့် ဒဏ်၁၀ပါးထဲတွင် ကြမ်းတမ်းသည့် အိပ်မပျော်သော ရောဂါဝေဒနာ စွဲကပ်ခဲ့သည်။ မဂ်ဖိုလ်ရခြင်းမှလည်း လွဲခဲ့ရသည်။ သို့ရာတွင် အဇာတသတ်မင်းသည် မြတ်စွာဘုရားထံတော်မှ သာမညဖလဒေသနာကို ကြားနာလိုက်ရသည့်အခါတွင် အိပ်မပျော်သည့် ရောဂါဝေဒနာ ငြိမ်းအေးသွားခြင်း၊ ဗုဒ္ဓမြတ်စွာ သာသနာ တော်၌ အသက်ပေး၍ ကြည်ညိုသူဖြစ်လာခြင်း၊ မဟာအဝီစိငရဲသို့ မကျ ရောက်တော့ဘဲ လောဟကုမ္ဘီငရဲလောက်သာ ကျရောက်ခြင်း၊ နောင်အခါ ဝိဇိတာဝီအမည်ဖြင့် ပစ္စေကဗုဒ္ဓါဖြစ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုရမည့် ပုဂ္ဂိုလ်ဖြစ်ခြင်းဆိုသည့် အကျိုးတရားများကို ရရှိခံစားရသည်။

မြတ်စွာဘုရားရှင်သည် တန်ဆောင်မုန်းလပြည့်နေ့ ညဥ့်အခါတွင် အဇာတသတ်မင်းအား သာမညဖလဒေသနာတော်ကို ဟောကြားတော်မူခြင်းကို အကြောင်းပြုပြီး **"သာမညဖလ အခါတော်နေ့"**ဟူ၍ ဖြစ်ပေါ်လာသည်။ ထို့ကြောင့် **"တန်ဆောင်မာသ သမယ"**သည်ကား ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ ကုသိုလ်ကောင်းမှုအစုစုတို့ကို ဆည်းပူးပြုလုပ် အားထုတ်ရာ အချိန်ကာလဖြစ်ပေသည်။ သို့ပါ၍ ဗုဒ္ဓဘာသာဝင်သူတော်စင်များ အနေဖြင့် ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တရားများကို မမေ့မလျော့သော သတိတရားဖြင့် အားထုတ်နိုင်ကြပါစေကြောင်း တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။



ရန်ကုန်အနောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၏ ဆဋ္ဌမအကြိမ် မိသားစုဘုံကထိန်သင်္ကန်းကပ်လှူပွဲကို ဗဟန်းမြို့နယ် ရွှေကြက်ယက်ကျောင်းတိုက်တွင် နိုဝင်ဘာ ၂၁ရက်က ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က သံဃာတော်များထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (၁၂၉)

## ကဗျာမမီသော တန်ဆောင်လ

* ရာသီဖြိုစ္ဆာ၊ ကြတ္တိကာလျှင်
တာရာကျိုးမင်း၊ ယှဉ်ပြိုင်လင်း၍
လမင်းစန္ဒာ၊ ဘော်သာခွာသို့
ရောင်ဖြာနှင်းဆမ်း၊ ခဝဲပန်းပွင့်
အေးချမ်းသာစွ၊ တန်ဆောင်လသည်
ရွှန်းမြတင့်တယ် ပေစွတကား။

* သာစွထိပ်ခေါင်၊ လတန်ဆောင်ဝယ်
ရောင်ဖြာထိန်လင်း၊ ကထိန်ခင်း၍
ခပင်းသူငါ၊ ကုသိုလ်ရှာရင်း
မြန်မာဝလေ့၊ ကောင်းမှုမွေ့ကာ
ချမ်းမြေ့ပြောမန်၊ မြောက်လေပြန်ဝယ်
ရွှေနံ့စပါး၊ ပေါ်ဦးဖျားနှင့်
စည်ကားပျော်ရွှင်၊ ပုံမောင်းဆင်ကာ
ရင်တွင်ပျော်စွ၊ ကခုန်ကြသည်
သာလ တန်ဆောင်ပါတကား။

* ဩော်---
ဆယ့်နှစ်ရောင်ခြယ်၊ လများလယ်မှ
တင့်တယ်လှပ၊ တန်ဆောင်လ၏
ရွှန်းမြသာယာ၊ ခမ်းနားစွာကို
စာဆိုရေးသီ၊ ဘယ်မမီအောင်
ပန်းချီနတ်ရေး၊ အလှသွေးဖြာ
ရွှေဆေးပမာညီ
စာပန်းချီနှော ခေါင်အလှ
ကဗျာမမီသော တန်ဆောင်လ။ ။

ရန်နိုင်ဦး



ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် ပြည်သာယာရွှေပြည်ဟိန်းကျောင်း၏ ဓမ္မသဘာ သိမ်ကျောင်းဆောင်ကြီး၏ အခန်းအတွက် ဦးလှအောင်အား ရည်စူး၍ ဒေါ်ကျင်စိန်မိသားစု တာမွေက အလှူငွေကျပ်သုံးသိန်း၊ ဦးခင်လှိုင်–ဒေါ်စန်းမာလာ မိသားစုက ကျပ်တစ်သိန်းနှင့် ရေပီပါ ခြောက်လုံးကို နိုဝင်ဘာ ၂၃ရက်က လှူဒါန်းရာ ဆရာတော် အရှင်ခေမာသိရီလင်္ကာရက ဂုဏ်ပြုလွှာ ချီးမြှင့်တော်မူစဉ်။ (၁၁၅)





**ဘဝနတ်ထံဝင်စံတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ၏ အဓိပတိ ပခုက္ကူ မဟာဝိသုတာရာမ နိကာယကြီး၏အဓိပတိ မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်နှင့် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်တို့၏ ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတ မဟာထေရ်၏ ဥတုဇရုပ်ကလာပ်တော်အား ယာယီစံကျောင်းတော်၌ အပူဇော်ခံထားရှိရာ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ ဖူးမြော်ကြည်ညိုကြစဉ်။** (သတင်းစဉ်)



**ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)၏ (၈)ကြိမ်မြောက် စုပေါင်းဘုံကထိန်သင်္ကန်း ကပ်လှူပူဇော်ပွဲကို နိုဝင်ဘာ ၂၀ ရက်က တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်း ပျဉ်းမနားကျောင်းတိုက်၌ ကျင်းပရာ သံဃာတော်များအား အသင်းဥက္ကဋ္ဌ ဦးအေးလွင်နှင့် အမှုဆောင်များ၊ အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများက ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းကြစဉ်။** (က-ပ)

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဥတုဇရုပ်ကလာပ်တော်အား သံဃာတော်များနှင့် ဒါယကာ ဒါယိကာမများ ဖူးမြော်ကြည်ညို

**ရန်ကုန် နိုဝင်ဘာ ၂၄**

ဘဝနတ်ထံဝင်စံတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ၏ အဓိပတိ ပခုက္ကူ မဟာဝိသုတာရာမနိကာယကြီး၏ အဓိပတိ မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်နှင့် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်တို့၏ ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတမဟာထေရ်၏ ဥတုဇရုပ်ကလာပ်တော်အား ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပုလဲရတနာလမ်း ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်အတွင်းရှိ ယာယီစံကျောင်းတော်၌ အပူဇော်ခံထားရှိရာ ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် တပည့်သံဃာတော်များ၊ ဒါယကာ ဒါယိကာမများ၊ ရပ်ကွက်ရှင်လူများနှင့် ဘာသာရေးအသင်းအဖွဲ့များက လာရောက်ဖူးမြော်ကြည်ညိုကြပြီး သံဝေဂဉာဏ်ပွားများကြသည်။

## သီဆိုပူဇော်

ယင်းသို့ ဖူးမြော်ကြည်ညို သံဝေဂဉာဏ်ပွားများကြရာ၌ နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၁၀၅ ရပ်ကွက် အောင်မင်္ဂလာ ဓမ္မာရုံဝတ်အသင်း၊ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက် ရောင်တော်ဖွင့်ဝတ်အသင်းနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၂၆ ရပ်ကွက် အောင်ဇေယျရပ်ကွက်မှ ဆရာမဒေါ်ဝင်းကြည် ဦးစီးသော မဟာဂီတအဖွဲ့တို့က လည်းကောင်း၊ မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၁၀၇ ရပ်ကွက်မှ ဓမ္မသီတဂူဝတ်အသင်းနှင့် မေတ္တာရိပ်မွန်ဝတ်အသင်း၊ ဆရာတော်ကြီး၏ တပည့်အနုပညာရှင်များက လည်းကောင်း ဝတ်ရွတ်စဉ်များ၊ သံဝေဂါထာနှင့် ရှစ်လုံးဖွဲ့ကဗျာများ၊ မဟာဂီတဓမ္မတေးများဖြင့် သီဆိုပူဇော်ကြသည်။

## ဟောကြားတော်မူမည်

ညပိုင်းတွင် ဝါခင်းကုန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဗဟုဇနဟိတဓရ ဘဒ္ဒန္တတိက္ခ အရှင်သူမြတ်က ဓမ္မဒေသနာတော်များ ဟောကြားတော်မူသည်။ ထို့အတူ နိုဝင်ဘာ ၂၅ရက်ညတွင် အဂ္ဂမဟာပဏ္ဍိတ သဲကုန်း ဆရာတော် ဒေါက်တာဉာဏိဿရ(သီတဂူ)ကလည်း ဓမ္မဒေသနာတော်များကို ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အထက(၁)ကြည့်မြင်တိုင် စုပေါင်းအာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၄

**အထက(၁)ကြည့်မြင်တိုင် (ကြည့်မြင်တိုင် မိန်းကလေးအထက်တန်းကျောင်း) (ယခင် အေဘီအမ်)၏ ပထမအကြိမ် စုပေါင်းအာစရိယပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် (တန်ဆောင်မုန်းလပြည့်နေ့) နံနက် ၁၁ နာရီတွင် ယင်းကျောင်း မြဝတ်ရည်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာမကြီးများနှင့်ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြား နှိုးဆော်ထားကြောင်း သိရသည်။** (မြန်မာ့အလင်း)

# တရားတော်များဟောကြားမည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာနနာယက ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ စန္ဒသူရိယ အောင်စကြာဆရာတော်သည် ဒီဇင်ဘာ ၂ ရက် ညတွင် ပဲခူးမြို့ မဇင်း၁လမ်း အိုးလေးစု ဓမ္မရတနာဝတ်အသင်း၊ ၃ ရက် ညတွင် တောင်ဥက္ကလာပမြို့ (၁၃) ရပ်ကွက် ၃၇လမ်းထိပ်၊ ၅ ရက်ညတွင် တောင်ဒဂုံမြို့ (၆၄)ရပ်ကွက် မြတ်သစ္စာဓမ္မာရုံ၊ ၆ ရက်ညတွင် တောင်ဒဂုံမြို့(၁၈)စီဒီ မြန်မာ့မီးရထားရပ်ကွက် မြို့ဦးကျောင်းရှေ့၊ ၁၁/၁၂ ရက်ညများတွင် မြောက်ဥက္ကလာပမြို့ ၄/တိုးချဲ့ရပ်ကွက် ဓမ္မဝိသုဒ္ဓိ ဓမ္မာရုံ၊ ၁၃၊၁၄၊၁၅ ရက် ညများတွင် မြောက်ဥက္ကလာပမြို့ ဥဒ္ဓနာလမ်းမကြီး သာသနဗိမာန်ဓမ္မာရုံတို့တွင် ထေရဝါဒဗုဒ္ဓ အဆုံးအမတရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ **(က-ပ)**

**နိုဝင်ဘာ ၂၀ရက်က ကျောက်တံတားမြို့နယ်အမှတ်(၁)အလယ်တန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား ကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးအုန်းသွင်က သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုရ မောင်ရှိုင်းရာဇာထက်အောင်အား ဆုချီးမြှင့်စဉ်။** (က-ပ)

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သက်တော်ရှည် မြင်းခြံဆရာတော်ကြီး၏ အန္တိမစျာပနသဘင်တရားပွဲများ ညစဉ်၇နာရီ

| စဉ် | ရက်စွဲ | တရားဟောကြားချီးမြှင့်တော်မူမည့်ဆရာတော် |
|---|---|---|
| ၁။ | ၂၅-၁၁-၂၀၀၄ | အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဉာဏိဿရ (သီတဂူဆရာတော်) |

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌမြင်းခြံဆရာတော်ကြီးအန္တိမစျာပန အနုပညာဖြင့် ဓမ္မတေးပူဇော်ရေး အစီအစဉ်

| နေ့ရက် | အချိန် | ပူဇော်မည့်အဖွဲ့ |
|---|---|---|
| ၂၅-၁၁-၂၀၀၄ | ၁၅း၀၀ | ပျဉ်းမနား ဝါဝါရွှေ ဇယင်ကျူး<br>မန္တလေးဖိုးသာအောင်ဆိုင်းအဖွဲ့ |
| ၂၆-၁၁-၂၀၀၄ | ၀၈း၀၀ | ဂီတသဘင်အနုပညာရှင်များ |
| ၂၆-၁၁-၂၀၀၄ | ၁၃း၀၀ | ဖန်ခွက်စိန်ဇာတ်အဖွဲ့ ဇယင်ကျူး<br>မန္တလေးဖိုးသာအောင်ဆိုင်းအဖွဲ့ |
| ၂၆-၁၁-၂၀၀၄ | ၁၅း၀၀ | ဂီတသဘင်အနုပညာရှင်များ |
| ၂၆-၁၁-၂၀၀၄ | ၁၉း၀၀ | ဆိုင်းအဖွဲ့(စိန်စတင်း/ဖိုးသာအောင်) |
| ၂၇-၁၁-၂၀၀၄ | ၀၈း၀၀ | ရွှေခြံသူ သီတာဝင်း ဇယင်ကျူး<br>မန္တလေးဖိုးသာအောင်ဆိုင်းအဖွဲ့ |
| ၂၇-၁၁-၂၀၀၄ | ၁၀း၀၀ | ဆိုင်းအဖွဲ့(စိန်စတင်း/ဖိုးသာအောင်) |

# အရညဝါသီ ရွှေကျင်နိကာယ ဝိနည်းစာပြန်ပွဲ၌ တရားဟောမည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၌ ပဲခူးတိုင်း ငါးမြို့နယ် အရညဝါသီ ရွှေကျင်နိကာယ၏ (၁၃၄)ကြိမ်မြောက် ဝိနည်းစာပြန်ပွဲ၌ နိုဝင်ဘာ ၂၈ ရက်တွင် အရှင်ဇနက (အုတ်တွင်း)၊ နိုဝင်ဘာ ၂၉ ရက်တွင် အရှင်ကုန္ဒက(တံွတေး)၊ နိုဝင်ဘာ ၃၀ ရက်တွင် အရှင်ဉာဏိဿရ(သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်)၊ ဒီဇင်ဘာ ၁ ရက်တွင် အရှင်နန္ဒဝံသ သာဘိဝံသ(စမ်းအေးမြိုင်) နှင့် ဒီဇင်ဘာ ၂ ရက်တွင် အရှင်ဉာဏဝရ (ရွှေဥမင်ချောင်)တို့က ညစဉ် ၇ နာရီမှစတင်၍ ရာပြည့်ဓမ္မာရုံကြီးတွင် တရားပွဲများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

**(က-ပ)**



# အောင်ဆန်းသူရိယလှသောင်းကျောင်း အထက(၂)မင်္ဂလာဒုံ စတုတ္ထအကြိမ်အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

အောင်ဆန်းသူရိယလှသောင်းကျောင်း အထက(၂)မင်္ဂလာဒုံ ၁၉၇၂ မှ ၂၀၀၄ ခုနှစ် ကျောင်းသားကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) နံနက် ၉ နာရီတွင် အထက(၂)လှသောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဆက်သွယ်လှူဒါန်းလိုသူများသည် ဦးဇော်လင်းငြိမ်း ဖုန်း-၀၉၅၀-၂၁၅၂၄၊ ဦးမျိုးမြင့် ဖုန်း-၆၉၀၃၉၇၊ ဒေါ်တင်ဆန်းဝင်း ဖုန်း-၆၆၆၂၁၅၊ ဒေါ်ချိုနွယ်ဦး ဖုန်း-၇၀၅၂၆၇၊ ဒေါ်မိုးစပယ် ဖုန်း-၆၃၅၃၉၁၊ ဒေါ်ခင်ဝိုင်းဖြူ ဖုန်း-၆၃၅၀၅၈နှင့် ဒေါ်စန်းစန်းအောင် ဖုန်း-၂၄၉၃၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**(က-ပ)**





## ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် ပန်းတနော် ယုဇနခွာညိုလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းစစ်ဆေး စံချိန်စံညွှန်းနှင့်အညီ သပ်ရပ်ကောင်းမွန်ရေး၊ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးမှာကြား

ရန်ကုန် နိုဝင်ဘာ ၂၄

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် စည်ပင်သာယာရေး ဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၂၁ရက်က ပန်းတနော်မြို့သို့ ရောက်ရှိသည်။**

**မှာကြား**

ရှေးဦးစွာ ဝန်ကြီးသည် မွန်းလွဲ ၁၂နာရီခွဲတွင် ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော အရှည်ပေ ၁၂၀၀ရှိသည့် ယုဇနခွာညိုလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)** အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စံချိန်စံညွှန်းနှင့်အညီ သပ်ရပ်ကောင်းမွန်စွာ ဖောက်လုပ်ရေး၊ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန် မှာကြားသည်။

**တွေ့ဆုံ**

ဆက်လက်၍ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ညနေ ၃နာရီခွဲတွင် ပုသိမ်မြို့ ရောဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမ၌ တိုင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများနှင့် တွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံရာတွင် ရှေးဦးစွာ ဝန်ကြီးက ၂၀၀၄ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးမှ ချမှတ်သော ရှေ့လုပ်ငန်းစဉ်များအား လုပ်ငန်းလမ်းညွှန်ချက်အဖြစ် လိုက်နာရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရေး မှာကြားသည်။

**သွားရောက်စစ်ဆေး**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၂၂ရက် နံနက် ၁၀နာရီတွင် ပုသိမ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ပုသိမ်မြို့ မေတ္တာဦး တံတားမှ ပုသိမ်တံတား ချဉ်းကပ်လမ်းသို့ ဆက်သွယ်သည့် ကမ်းနားလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးသည်။ ရှေးဦးစွာ ဝန်ကြီးသည် ကမ်းနားလမ်း အရှည်ပေ ၁၇၀၀ နှင့် အကျယ် ၁၈ပေရှိသော ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းနှင့် အရှည် ပေ ၈၈၀၊ အကျယ် ၁၈ပေရှိသော ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီရေး၊ အရည်အသွေးကောင်းမွန်ရေး၊ အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် လုပ်ငန်းခွင်ရှင်းလင်းဆောင်တွင် ပုသိမ်မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ပုသိမ်မြို့ ကမ်းနားလမ်း၏ အခြေအနေများ၊ ဆောင်ရွက်မည့် အစီအမံများအား မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။ **(သတင်းစဉ်)**

## ထားဝယ်မြို့ မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၄**

ထားဝယ်မြို့ ဘုမွော်ရပ်၊ ကျန်းမာရေးလမ်း မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ်(၁၅)၏ ဓမ္မာရိပ်သာကြီးတွင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယျအတိုင်း ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ် နာယကဆရာတော်များ ဖြစ်ကြသော ဦးဓမ္မောသဓနှင့် ဦးဇောတိကတို့သည် (၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ရက်) နိုဝင်ဘာ ၃၀ ရက်မှ (တန်ဆောင်မုန်း လပြည့်ကျော် ၁၀ရက်)ဒီဇင်ဘာ ၆ ရက် အထိ ခုနစ်ရက်တိုင်တိုင် ခန္ဓာဉာဏ် ရောက် သစ္စာလေးပါး တရားတော်နှင့် ပဋိစ္စသမုပ္ပာဒ် တရားတော်မြတ်ကို ဟောပြောပြသမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုသူများသည် နိုဝင်ဘာ ၂၉ရက် နောက်ဆုံးထား၍ မိုးကုတ်ရိပ်သာ ဓမ္မာရုံကြီး၏ ရုံးခန်း ဖုန်း–၀၅၉–၂၂၂၇၆ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

## ရှမ်းပြည်နယ်(မြောက်ပိုင်း) ပန်ဖိန်း(လွယ်ပန်လုံ) ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပန်ဖိန်း(လွယ်ပန်လုံ)၌ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၁ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။

အဆိုပါစက်ရုံမှ လွှင့်အားဝပ် ၅၀၊ လှိုင်းနှုန်း(၇)ဖြင့် ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၂ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

**နိုဝင်ဘာ ၁၈ ရက်က ပုဇွန်တောင်မြို့နယ် အမှတ်(၈)ရပ်ကွက် ဖိုးရာဇာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဆောက်အအုံတွင်ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးတင်မောင်စိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ညိုနှင့် အမှတ်(၈)ရပ်ကွက် ဥက္ကဋ္ဌ ဦးဆန်းဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ်ပြန်/ဆက်)



## အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ဆောင်းပါးဆုရသူများစာရင်းကြေညာ

ရန်ကုန် နိုဝင်ဘာ ၂၄

**၂၀၀၄ ခုနှစ် (၁၅)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေး ကော်မတီက စာပေပြိုင်ပွဲများကျင်းပပေးခဲ့ရာ ဆောင်းပါးဆု ရရှိသူများစာရင်းကို သက်ဆိုင်ရာက ထုတ်ပြန်ကြေညာသည်။**

ဆောင်းပါးပြိုင်ပွဲတွင် မွှေးနံ့သာ (မဟာသိပ္ပံ) ပြည်တက္ကသိုလ်၏ **"လူမှုလေးချက် ဒို့ထမ်းရွက် တွဲလျက်ညီစွာ ပြည်မြန်မာ"**က ပထမ၊ မူဆယ်ဝေါင်းခမ်း၏ **"လူမှုဖွံ့ဖြိုးတိုးတက်သာယာ ပြည်မြန်မာ"**က ဒုတိယ၊ ယဉ်နွေထား(ဥပဒေ)၏ **"လေးရပ်လူမှုခြေခံပြု၍ အရောက်လှမ်းမည် ရွှေပြည်သစ်ဆီ"**က တတိယ အသီးသီးရရှိသည်။

**အခမ်းအနားဖြင့် ဆုချီးမြှင့်မည်**

ပထမ၊ဒုတိယ၊တတိယ ဆုရရှိသူများကို စာဆိုတော်နေ့ ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၁၂ ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ အခမ်းအနားဖြင့် ဆုများချီးမြှင့်မည်ဖြစ်သည်။

**လူကိုယ်တိုင် သတင်းပို့**

ဆုရရှိသူများသည် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၀ ရက် အစမ်းလေ့ကျင့်ပွဲ တက်ရောက်နိုင်ရန်အတွက် ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၉ ရက် ရုံးချိန်အတွင်း ဦးကိုကိုထွေး အတွင်းရေးမှူး ပြိုင်ပွဲကျင်းပရေးကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထံ လူကိုယ်တိုင် သတင်းပို့ကြရမည်ဖြစ်သည်။ **(သတင်းစဉ်)**

## သာမညဖလ သုတ္တန်တရားတော် ဟောကြားမည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) နိုဝင်ဘာ ၂၆ရက် (သောကြာနေ့) နံနက် ၇ နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပဲခူးတိုင်း ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ် ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလဇောတိ(အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)က **"သာမညဖလ သုတ္တန်တရားတော်"**ကို အသံလွှင့် ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကံမြင့်ကျောင်းတိုက်တန်ဆောင်တိုင်တရားပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်းရှိ ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် တန်ဆောင်တိုင် တရားပွဲများအဖြစ် နိုဝင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဓမ္မစေတီဆရာတော် ဦးကောသလ္လ (B.A.Buddhism)က လည်းကောင်း၊ နိုဝင်ဘာ ၂၈ရက်နှင့် ၂၉ရက်တို့တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်း ဓမ္မဒူတ တောရ နာယက ဆရာတော် ဓမ္မဒူတ အရှင်ပညိဿရ (M.A Srilanka)က လည်းကောင်း၊ နိုဝင်ဘာ ၃၀ ရက်တွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခ မဟာဌာနမှူး ကျို္ကလော့ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒာဝရာဘိဝံသက လည်းကောင်း ညစဉ် ၇ နာရီမှစ၍ ဓမ္မဒေသနာများ ဟောကြားတော်မူမည်ဟု သိရသည်။

**(က–ပ)**



## လက်ခံ

**အမှတ် ၁၅၉၉ သတ္တိလမ်း (၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်နေ ဦးကြိုင်– ဒေါ်ပြုံးချိုမိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ်သုံးသိန်းကိုလာရောက်လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးမှူး ဦးသန်းရွှေက လက်ခံယူစဉ်။**

(က–ပ)

**နိုဝင်ဘာ ၂၁ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင်၂၀၀၄–၂၀၀၅ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲ ကျင်းပရာ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာ အသက်(၁၀–၁၅)နှစ် အဆင့် အမျိုးသား(စောင်း) ပြိုင်ပွဲတွင် ပထမ ရွှေတံဆိပ်ဆု ရရှိသော မောင်မျိုးထွန်းကျော်အား ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်က ဆုချီးမြှင့်စဉ်။** (၁၉၂)





ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုနှစ်ဆု၊ ဒုတိယဆုတစ်ဆုနှင့် တတိယဆုသုံးဆု ဆွတ်ခူးသွားသော ပြည်ထဲရေးဝန်ကြီးဌာန အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းအဖွဲ့အား ဆုယူအပြီး အုပ်ချုပ်သူနည်းပြများနှင့်အတူ တွေ့ရစဉ်။ (မြန်မာ့အလင်း)

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်တက်ရောက်ကြည့်ရှုအားပေး၊ဆုများချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၂၄

**မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှကြီးမှူး၍ ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို နိုဝင်ဘာ၁၉ရက် မွန်းလွဲ၁နာရီက လူငယ်အားကစားလေ့ကျင့်ရေး စခန်း(သုဝဏ္ဏ)ရှိ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲရုံတွင်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အားပေးပြီး ဆုများကိုပေးအပ်ချီးမြှင့်သည်။**

အမျိုးသားလူသစ်တန်းနှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပို့ဆောင်ရေး(က)အသင်းက ရဲလူငယ်(ခ)အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။ ဒုတိယ ရဲလူငယ်(ခ)အသင်း၊ တတိယ WILBC အသင်းတို့ရရှိသွားပြီး ဆုတံဆိပ်နှင့် ငွေသားဆုများကို အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ပေးအပ်ချီးမြှင့်သည်။

**ချီးမြှင့်**

အမျိုးသားလူသစ်တန်း သုံးယောက်တွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန(ခ)အသင်းက ရှမ်းရိုးမနဂါးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရဗိုလ်စွဲသွားသဖြင့် ရှမ်းရိုးမနဂါးအသင်းက ဒုတိယဆုရရှိပြီး တတိယဆုကို တပ်မတော်(ရေ)အသင်းကရရှိသည်။ ဆုများကို မြန်မာနိုင်ငံအိုလံပစ် ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပေးအပ်ချီးမြှင့်သည်။

အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲတွင် DWIR အသင်းက ပို့ဆောင်ရေး(က)အသင်းကို နှစ်ပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။ ဒုတိယဆုကို ပို့ဆောင်ရေး(က)အသင်း၊ တတိယဆုကို ပြည်ထဲရေး(က) အသင်းတို့ ရရှိပြီး ဆုတံဆိပ်နှင့် ငွေသားဆုများကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင် ဒေါ်မိုးမိုးမြင့်က ပေးအပ်ချီးမြှင့်သည်။

အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပြည်ထဲရေး(က)အသင်းက ပို့ဆောင်ရေး(ခ)အသင်းကိုနှစ်ပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။ ဒုတိယဆုကို ပို့ဆောင်ရေး(ခ) အသင်း၊ တတိယဆုကို ပို့ဆောင်ရေး(က)အသင်းတို့ ရရှိပြီး ဆုတံဆိပ်နှင့် ငွေသားဆုများကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဒေါ်အေးအေးက ပေးအပ်ချီးမြှင့်သည်။

**ဗိုလ်စွဲ**

အမျိုးသားအလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပို့ဆောင်ရေး(ခ)အသင်းက ကာကွယ်ရေးဝန်ကြီးဌာန(ခ)စစ်သွေးအသင်းကို နှစ်ပွဲ-ပွဲမရှိဖြင့်အနိုင်ရဗိုလ်စွဲသွားသည်။ ဒုတိယဆုကို ကာကွယ်ရေး ဝန်ကြီးဌာန(ခ) စစ်သွေးအသင်း၊ တတိယဆုကို ပြည်ထဲရေး(ခ)အသင်းတို့ ရရှိပြီး ဆုများကို မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်က ပေးအပ်ချီးမြှင့်သည်။

အမျိုးသားအလွတ်တန်း သုံးယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပြည်ထဲရေး(ခ)အသင်းက ရထားပို့ဆောင်ရေး(က)အသင်းကို နှစ်ပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။ ဒုတိယဆုကိုရထားပို့ဆောင်ရေး(က)အသင်းနှင့် တတိယဆုကို ပြည်ထဲရေး(က) အသင်းတို့ရရှိပြီး ဆုများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ချီးမြှင့်ပေးအပ်သည်။

**(မြန်မာ့အလင်း)**

# အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား စီးပွား/ ကူးသန်းအသင်း ဗိုလ်လုပွဲတက်ရောက်

**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ် စတုတ္ထအကြိမ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအကြို ဗိုလ်လုပွဲစဉ်ကို ယနေ့ ညနေ၃နာရီခွဲက လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ကျင်းပရာ စီးပွား/ကူးသန်းအသင်းက ပို့ဆောင်ရေးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စီးပွား/ကူးသန်းအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၅၅မိနစ်တွင် ထွန်းစိုးနိုင်က သွင်းယူပေးသည်။ နိုဝင်ဘာ၂၉ရက် ညနေ ၃နာရီခွဲတွင် လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ နောက်ဆုံးဗိုလ်လုပွဲအတွက် စီးပွား/ကူးသန်းအသင်းနှင့် မြို့တော်စည်ပင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

**တတိယနေရာလုပွဲ**

နိုဝင်ဘာ၂၇ရက် ညနေ၃နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေး စခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ တတိယနေရာလုပွဲအဖြစ် ဆောက်လုပ်ရေးအသင်းနှင့် ပို့ဆောင်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# အာရှဝူရှူးအဖွဲ့ချုပ်ညီလာခံ ရန်ကုန်၌ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၄**

(၁၀)ကြိမ်မြောက် အာရှဝူရှူးအဖွဲ့ချုပ် (WFA)ညီလာခံကို ယနေ့ မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ရှိ Grand Plaza Park Royal ဟိုတယ်တွင် ကျင်းပရာ အာရှဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Mr.Li Zhi Jian နှင့် အမှုဆောင်များ၊ (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် ရောက်ရှိနေသော အဖွဲ့ဝင်နိုင်ငံများနှင့် ဒေသ ၂၅ ခု တို့မှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။ **(အောက်ပုံ)**

**နှုတ်ခွန်းဆက်**

အစည်းအဝေးတွင် ရှေးဦးစွာ အာရှဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီကိုယ်စားလှယ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် အာရှဝူရှူးအဖွဲ့ချုပ်၏ လုပ်ငန်းစဉ်များ၊ နည်းစနစ်ဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။ ဆက်လက်၍ (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ ပြင်ဆင်ထားရှိမှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခင်မောင်လေးက ရှင်းလင်းတင်ပြသည်။ ထို့နောက် အာရှဝူရှူးအဖွဲ့ချုပ်၏စည်းမျဉ်းများပြင်ဆင်ဖြည့်စွက်မှု၊ အာရှဝူရှူးအဖွဲ့ချုပ်အဖွဲ့ဝင်များဖွဲ့စည်းမှု၊ ၂၀၀၅ ခုနှစ် စင်ကာပူနိုင်ငံတွင်ကျင်းပမည့် အာရှလူငယ်ဝူရှူးတံခွန်စိုက်ပြိုင်ပွဲ၊ ၂၀၀၆ခုနှစ်၌ ကာတာနိုင်ငံ ဒိုဟာမြို့တွင်ကျင်းပမည့် (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲဝူရှူးပြိုင်ပွဲနှင့်စပ်လျဉ်း၍ ပြင်ဆင်ထားမှုများကိုဆွေးနွေးညှိနှိုင်းကြသည်။

ဆက်လက်၍ အာရှဝူရှူး အဖွဲ့ချုပ်(WFA)၏ (၂၇)ကြိမ်မြောက် အလုပ်အမှုဆောင်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ဟိုတယ် Nikko တွင် ကျင်းပသည်။

**တက်ရောက်**

အဆိုပါ အလုပ်အမှုဆောင် အစည်းအဝေးသို့ အာရှဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အားကစားဝန်ကြီး Mr. Li Zhijian၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ အလုပ်အမှုဆောင်ဦးခင်မောင်လေး (ဥက္ကဋ္ဌ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်) နှင့်အလုပ်အမှုဆောင်များတက်ရောက်ကြသည်။ **(မြန်မာ့အလင်း)**




# ကမ္ဘာတစ်လွှား အားကစား

## ချန်ပီယံလိဂ်ဘောလုံးပွဲများယှဉ်ပြိုင်ကစား မန်ယူ၊ဘေယန်မြူးနစ်၊ဂျူဗင်းတပ်တို့အနိုင်ရရှိ

**မန်ချက်စတာ(အင်္ဂလန်) နိုဝင်ဘာ ၂၄**

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲများကို အင်္ဂါနေ့က ကျင်းပခဲ့သည်။ အုပ်စု(ဃ)မှ မန်ချက်စတာယူနိုက်တက်အသင်းနှင့် ပြင်သစ်မှ လီယွန်အသင်းတို့ အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မန်ယူက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။

မန်ယူအတွက် အနိုင်ဂိုးများကို နောက်တန်းလူ ဂယ်ရီနဗီးလ်က ၁၉ မိနစ်တွင် တစ်ဂိုး၊ ၅၃ မိနစ်တွင် နစ္စတယ်ရွိုင်းက လီယွန်မှ ဒီယာရာ သွင်းယူသွားသည့်ဂိုးကို ခေါင်းတိုက် ချေပဂိုးသွင်းယူခဲ့သည်။ ယင်းအုပ်စုတွင် မန်ချက်စတာယူနိုက်တက် အသင်းသည် ငါးပွဲကစား၊ သုံးပွဲနိုင်၊ နှစ်ပွဲသရေဖြင့် ၁၁ မှတ်ရရှိကာ ဦးဆောင်နေသည်။

ယူကရိန်းမှ ဒိုင်နမိုကိဗ်နှင့် အီတလီမှ ရိုးမားအသင်းတို့ အိုလံပီစကီကွင်း၌ ယှဉ်ပြိုင်ကစားကြရာတွင် ဒိုင်နမိုကိဗ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်သွားခဲ့သည်။ ဒိုင်နမိုကိဗ်အသင်းအတွက် အနိုင်ဂိုးများကို ၇၃ မိနစ်တွင် ဒယ်လတ်စ်ကလည်းကောင်း၊ ၈၂ မိနစ်တွင် ရှပ်စကစ်ကလည်းကောင်း ဆက်တိုက်ဂိုးများ သွင်းယူသွားကြသည်။ ၎င်းအသင်းသည် အုပ်စု(ခ)တွင် ငါးပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ၁၀ မှတ်ဖြင့် ဦးဆောင်လျက်ရှိသည်။

ဂျာမနီမှ ဘေယန်မြူးနစ်အသင်းနှင့် အစ္စရေးမှ မက္ကာဘီတဲလ်အဗစ်အသင်းတို့သည် အိုလံပီယာကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဘေယန်မြူးနစ်က ငါးဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။

ဘေယန်မြူးနစ်သည် ပထမပိုင်းတွင် ကလော်ဒီယိုပီဇာရို၊ ဆာလီဟာမ်မစ်ရှခ်၊ ဖရင်းတို့၏ ဂိုးများဖြင့် မက္ကာဘီအသင်းကို ဦးဆောင်ကစားခဲ့သည်။ ဒုတိယပိုင်းတွင် ရွိုင်မက်ကေး က နှစ်ဂိုးသွင်းပေးပြီး ပွဲသိမ်းခဲ့သည်။



**ယှဉ်လု**

**ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အုပ်စု(ဂ)အီတလီ ဂျူဗင်းတပ်မှ ဇမ်ဘရော်တာ(ယာ)နှင့် ဟော်လန်မှ အေဂျက်စ်တိုက်စစ်မှူး မော်ဂိုရော်ဆေးလ်တို့ဘောလုံး ယှဉ်လုကြစဉ်။ (ဓာတ်ပုံ-အေပီ)**

၎င်းအသင်းသည် အုပ်စု(ဂ)တွင် ကိုးမှတ်ဖြင့် ဂျူဗင်းတပ်နောက်မှ လိုက်နေသည်။

အီတလီမှ ဂျူဗင်းတပ်နှင့်ဟော်လန်မှ အေဂျက်စ်အသင်းတို့ဘန်ဒယ်လီအယ်ပီကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဂျူဗင်းတပ်က တစ်ဂိုး-ဂိုးမရှိဖြင့် ကပ်၍နိုင်ခဲ့သည်။ ဂျူဗင်းတပ်အသင်းအတွက် ၁၄မိနစ်တွင် ဇာလာရီတာက သွင်းယူခဲ့သည်။ ဂျူဗင်းတပ်အသင်းသည် အုပ်စု(ဂ)တွင်ငါးပွဲကစား ငါးပွဲနိုင်ဖြင့် ၁၅မှတ်ရရှိထားသည်။

ပြင်သစ်မှ မိုနာကိုအသင်းနှင့် အင်္ဂလန်က လီဗာပူးအသင်းတို့ စတိစ်ဒ်လူးဝစ်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မိုနာကိုအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ခဲ့သည်။ မိုနာကိုအသင်းသည် ငါးပွဲကစားပြီးချိန်တွင် ကိုးမှတ်ရရှိထားပြီး အုပ်စု(က)တွင် အိုလံပီယာကော့စ်နောက်မှ လိုက်နေသည်။

ဂရိမှ အိုလံပီယာကော့စ်အသင်းနှင့် စပိန်မှ ဒီပို့တီဗိုအသင်းတို့သည် ကာကိုင်စကာကစ်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ အိုလံပီယာကော့စ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ခဲ့သည်။ အိုလံပီယာကော့စ်အသင်းသည် ငါးပွဲကစား ၁၀မှတ်ဖြင့် အုပ်စု(က)ကိုဦးဆောင်နေသော အသင်းဖြစ်သည်။

စပိန်မှ ရီးရဲမက်ဒရစ်အသင်းနှင့် ဂျာမနီမှ လေဗာကူဆင်အသင်းတို့ ဆန်တီယာဂိုဘာနေဗျူး၌ ယှဉ်ပြိုင်ကစားကြရာ ၃၆မိနစ်တွင် လေဗာကူဆင်အတွက် ဘာဘာတော့ဗ်ကတစ်ဂိုးသွင်းပေးခဲ့သည်ကို ၆၉မိနစ်တွင် ရာအူးလ်က ရီးရဲမက်ဒရစ်အသင်းအတွက် ပြန်လည်ချေပပေးခဲ့သည်။ အဆိုပါ နှစ်သင်းလုံးသည် အုပ်စု(ခ)တွင် ရှစ်မှတ်စီရရှိထားကြပြီး ဒုတိယနှင့် တတိယနေရာတို့၌ ရပ်တည်လျက်ရှိသည်။

**အမ်အင်အေ၊ ရိုက်တာ။**

**သာယာမည်**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။**



# ဂန့်ဂေါမြို့ ပွင့်ရတနာစာကြည့်တိုက်ဖွင့် စာအုပ်နှင့်အလှူငွေများ ပေးအပ်လှူဒါန်း

**ဂန့်ဂေါ နိုဝင်ဘာ ၁၀**

ဂန့်ဂေါမြို့နယ် ချိုင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ပွင့်ရတနာစာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၂၃ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှာတာဝန်ခံကျွမ်းကျင် (၂) ဦးကျော်သန်းဆွေ၊ချိုင်းအမက ကျောင်းအုပ်ဆရာကြီးဦးညိုမောင်နှင့် ပွင့်ရတနာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

**ပေးအပ်လှူဒါန်း**

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးကျော်သန်းဆွေက သုတ၊ ရသစာအုပ်မျိုးစုံ ၅၅အုပ်ကိုလည်းကောင်း၊ ရပ်မိရပ်ဖတစ်ဦးက ကျေးရွာပြည်သူများ စုပေါင်းလှူဒါန်းငွေကျပ် ၁၅၀၀၀ ကို စာကြည့်တိုက်ငွေပဒေသာပင်အဖြစ် စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌသို့ ပေးအပ်လှူဒါန်းသည်။ (၂၇၃)

# ဝက်လက်မြို့နယ် ဖိုးဝင်းတပ်ကျေးရွာ၌ အလှူရှင်စက်ရေတွင်းဖွင့် ငွေကျပ်ရှစ်သိန်းဖြင့် တူးဖော်၊ တစ်နာရီရေဂါလန် ၁၈၀၀ထွက်ရှိ

ဝက်လက် နိုဝင်ဘာ ၈

**ဝက်လက်မြို့နယ်ရုံး ပင်ကုန်းကျေးရွာအုပ်စု ဖိုးဝင်းတပ်ကျေးရွာတွင် အလှူရှင်စက်ရေတွင်းသစ်ဖွင့်ပွဲကို အောက်တိုဘာ ၁၁ရက်က အဆိုပါကျေးရွာတွင် ကျင်းပသည်။**

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလွင်ညွှန့်က ရေတွင်းနှင့်ဆိုင်ရာအချက်အလက်များကိုလည်းကောင်း၊ အရှင်ပညာနန္ဒက ဖိုးဝင်းတပ်ရွာ ဖြစ်ပေါ်လာပုံကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် စက်ရေတွင်းကိုအားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ၊ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်မောင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စက်ရေတွင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ အားကစားဝန်ကြီးဌာနဝန်ကြီးက ရှိမ္ဗကားစာကြည့်တိုက်အတွက် တီဗွီတစ်လုံးလှူဒါန်းသည်။

**အကုန်အကျခံတူးဖော်**

အဆိုပါစက်ရေတွင်းမှာ ပေ ၂၀ x ပေ၄၃၀ရှိပြီး ၇ဒသမ၅ကောင်ရှိအင်ဂျင်စက်တစ်လုံး၊ သုံးလက်မနှစ်လုံးထိုး လေမှုတ်စက်တစ်လုံး တပ်ဆင်ထားပြီး တစ်နာရီဂါလန် ၁၈၀၀ထွက်သည်။ အလှူရှင်က ငွေကျပ်ငါးသိန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ်သုံးသိန်း စုစုပေါင်းငွေကျပ်ရှစ်သိန်းဖြင့် အကုန်အကျခံ တူးဖော်ပေးကြောင်း သိရသည်။ **(က-ပ)**

**ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်**



# မြစ်သားမြို့နယ်ကျေးလက်အိမ်ရာဆောက်လုပ်မှု

**နိုဝင်ဘာ၁၅ရက်က မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဂျော့ချ်မျိုးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်စိုးတို့က မြစ်သားမြို့နယ် ရေဝန်းကျေးရွာ ကျေးလက်အိမ်ရာဆောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

# ကျေးလက်ဖွံ့ဖြိုးရေး မော်လိုက်မြို့တွင် စာကြည့်တိုက်ဖွင့် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ရှင်းလင်း၊ စာအုပ်များလှူဒါန်း

မော်လိုက် နိုဝင်ဘာ ၉

**ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မော်လိုက်မြို့နယ် ရေဦးကုန်းကျေးရွာ ပညာပန်းခင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၆ရက်က ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။**

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ ပညာပန်းခင်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညိုအုန်းနှင့် ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းဆွေတို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ရေဦးကုန်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းဆွေက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညိုအုန်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညိုအုန်းက ရေဦးကုန်းကျေးရွာ ပညာပန်းခင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် မဂ္ဂဇင်း၊ စာအုပ်မျိုးစုံ ၅၀ကို ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းဆွေနှင့် စာကြည့်တိုက်မှူး ဒေါ်နီလာရွှေတို့သို့ ပေးအပ်လှူဒါန်းသည်။

**ဖွင့်လှစ်**

အလားတူ မော်လိုက်မြို့နယ် ဇီးကုန်းကျေးရွာ အလင်းရောင်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်နှင့် နန်းစောက်စောက်ကျေးရွာပညာပျိုးခင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**



ပေါင်းတည်မြို့နယ် ကြာနီကန်ကျေးရွာအုပ်စု အခြေခံပညာ အလယ်တန်းကျောင်း၌ နိုင်ငံသား အရည်အချင်းပြည့်မီသူ ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို နိုဝင်ဘာ၁၅ရက်က ကျောင်းခန်းမဆောင်၌ ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးစိုးမြင့်က ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်သင်းရီသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (ဝ၆၄)

# ကျော့သောင်းမြို့နယ်၌ စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

**ကျော့သောင်း နိုဝင်ဘာ ၁၁**

ကော့သောင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကော့သောင်းမြို့နယ် အောင်မြန်မာကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၆ရက်က အဆိုပါရပ်ကွက်ရုံးခန်းမတွင်ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးထွန်းဟန်ဝင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အေးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** ထို့နောက် ကော့သောင်းခရိုင် ပို့ဆောင်ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက မဂ္ဂဇင်းမျိုးစုံ ၁၈၀ အား ဦးချစ်ကိုကိုကပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးမောင်စိုးက လက်ခံရယူသည်။ **(ခရိုင် ပြန်/ဆက်)**





# ကြည့်ရှုစစ်ဆေး

**မြဝတီမြို့ ဓိဋ္ဌာန်အောင်ဘုရားလမ်း ကတ္တရာလမ်းပြုပြင်ဖာထေးမှုအား အငယ်တန်းအင်ဂျင်နီယာ(၃) ဦးကျော်လင်းဟန်နှင့်အဖွဲ့ ဆောင်ရွက်မှုကို နိုဝင်ဘာ၁ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစတင့်ဝေတို့ ကြည့်ရှုစစ်ဆေးကြစဉ်။** (မြို့နယ် စည်ပင်)

**စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်စို့**

## စစ်ဆေးကြည့်ရှု

ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးလှသောင်းနှင့် ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူတို့ အောက်တိုဘာ ၂၅ရက်က ဗောဓိလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာရေပိတ်လွှာလောင်းခြင်းလုပ်ငန်းကို စစ်ဆေးကြည့်ရှုစဉ်။

(မြို့နယ်စည်ပင်)

## ဇမ္ဗူအေးတောရ(အင်းဝိုင်း)ကျောင်း ဘုံကထိန်ပွဲကျင်းပ

ညောင်လေးပင် နိုဝင်ဘာ ၁၇

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ ဇမ္ဗူအေးတောရ(အင်းဝိုင်း)ကျောင်းတိုက်၏(၈)ကြိမ်မြောက် မဟာဘုံကထိန်ပွဲတော်ကို နိုဝင်ဘာ ၁၄ ရက်က အဆိုပါကျောင်းတိုက်တွင် ကျောင်းတိုက်သံဃာတော်များနှင့် ပင့်သံဃာအပါး ၉၀ တို့အား သင်္ကန်းဒွိစုံများ ဆက်ကပ်လှူဒါန်းကြသည်။

ကျေးဇူးတော်ရှင် ဇမ္ဗူအေးတောရ(အင်းဝိုင်း)ဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇယကအနယ်နယ်အရပ်ရပ်ရှိ ပရဟိတလုပ်ငန်းများအတွက် အလှူတော်ငွေကျပ်၄၄သိန်းကို လည်းကောင်း၊ တပည့်ဒါယကာများဖြစ်သော (ဗိုလ်မှူးချုပ်လွှန်းမောင်)ဇနီး ဒေါ်ရွှေသက်မိသားစုတို့က ငွေကျပ် သိန်း ၂၀ ကိုလည်းကောင်းပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌဦးသိမ်းဌေးက လက်ခံရယူသည်။(**ယာပုံ**) ဇမ္ဗူအေးတောရ(အင်းဝိုင်း)ကျောင်း မဟာဘုံကထိန်ထာဝရ ငွေပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းကို ဝေယျာဝစ္စအဖွဲ့က မတည်စိုက်ထူလှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**





## ကျောင်းကုန်းမြို့နယ် ငွေကြယ်ပွင့် စာကြည့်တိုက်ဖွင့်

ကျောင်းကုန်း နိုဝင်ဘာ ၂၀

ငွေကြယ်ပွင့် ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်ဖွင့်ပွဲနှင့် ဟောပြောပွဲကို နိုဝင်ဘာ ၁၆ရက်က ဧရာဝတီတိုင်းကျောင်းကုန်းမြို့နယ် ရုံးတောအုပ်စု ရုံးတောကျေးရွာတွင်ပြုလုပ်ရာ စာကြည့်တိုက်အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမောင်မောင်တင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်စမ်းစမ်းကျော်၊ ကျေးရွာအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးသောင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မောင်မောင်တင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်စမ်းစမ်းကျော်က ကျေးလက်ဒေသများတွင် စာကြည့်တိုက်များဖွင့်လှစ်ခြင်းဖြင့် တန်ဖိုးမဖြတ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာမည်ဖြစ်ကြောင်းနှင့် စာကြည့်တိုက်၊ စာအုပ်၊ စာပေများ၏ တန်ဖိုးများကို ဟောပြောဆွေးနွေးသည်။

အလားတူ အရှေ့ချောင်းကျေးရွာအုပ်စု ပုဂံစုကျေးရွာတွင် အလင်းတန်း ကျေးလက်စာကြည့်တိုက်ကို ဖွင့်လှစ်ပြီး ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊ ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်၊ စာအုပ်စာပေများ ထိန်းသိမ်းတတ်စေရန်အတွက် ဖွင့်လှစ်ပြီးသည့် ကျေးလက်စာကြည့်တိုက် တာဝန်ရှိသူများအား စာကြည့်တိုက် နည်းပညာရပ်များအား သင်တန်းပို့ချမည်ဖြစ်ကြောင်း သိရသည်။ **(၂၆၅)**

## အနာကြီးရောဂါ ထိခိုက်ဒဏ်ရာနှင့် အရိုးရောဂါ အခြေခံမွမ်းမံသင်တန်း ပြည်မြို့၌ဖွင့်

ပြည် နိုဝင်ဘာ ၁၆

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ အနာကြီးရောဂါတိုက်ဖျက်ရေးဌာန အနာကြီးရောဂါကိုယ်အင်္ဂါမသန်မစွမ်းမှုကာကွယ်ရေးလုပ်ငန်း၊အနာကြီးရောဂါထိခိုက်ဒဏ်ရာနှင့် အရိုးရောဂါ အခြေခံမွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၈ရက် နံနက် ၉နာရီက ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ အထွေထွေရောဂါကုဆေးရုံ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင်ကျန်းမာရေးဦးစီးဌာန အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက်မန်နေဂျာ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျော်မြင့်နှင့် ပြည်မြို့ အထွေထွေရောဂါကုဆေးရုံ၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဝင်းကိုကိုတို့က အမှာစကား ပြောကြားကြသည်။ အဆိုပါသင်တန်းသို့ ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင်၊ ပြည်ခရိုင် ကျန်းမာရေး ဦးစီးဌာနမှ ဦးစီးဌာနမှူးများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်ခဲ့သည်။

(၄၀၃)



# ကျေးလက်သတင်း နှင့် မြင်ကွင်း

## ကနောင်မြို့ အထက မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ကနောင် နိုဝင်ဘာ ၁၂

ကနောင်မြို့ အခြေခံပညာ အထက်တန်းကျောင်း၏ နှစ်(၅၀)မြောက် ရွှေရတုပွဲနှင့် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ ရက်တွင် မျိုးဆက်သစ် ကျောင်းသူကျောင်းသားများနှင့် ကျောင်းသားဟောင်းများ ပူးပေါင်း၍ ကျင်းပမည်ဖြစ်ရာ စေတနာရှင်များ လှူဒါန်းလိုပါက ဦးစိုးထွေး ဖုန်း-၂၉၆၃၇၂နှင့် ဦးချစ်ထွေး ဖုန်း- ၂၄၂၀ ၇၂ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

## ညောင်ဦးမြို့နယ် ကြို့ပင်သာကျေးရွာ လင်းရောင်ခြည် စာကြည့်တိုက်ဖွင့် အလှူရှင်များက သုတ၊ ရသ စာအုပ်မျိုးစုံပေးအပ်လှူဒါန်း

ညောင်ဦး နိုဝင်ဘာ ၂၀

**ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ထီးပုကျေးရွာအုပ်စု ကြို့ပင်သာကျေးရွာ လင်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ၁၂ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။**

### ဖွင့်လှစ်ပေး

ရှေးဦးစွာ ညောင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်စိုး၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်မြင့်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်တင်မြလွင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

### ဆွေးနွေးပြောကြား

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးဟန်စိုးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြလွင်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် လင်းရောင်ခြည် စာကြည့်တိုက်အတွက် ရန်ကုန်မြို့ ကြည့်မြင်တိုင် ကျောင်းကြီးတိုက် ဆရာတော် ဦးဥတ္တရ၊ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြလွင်နှင့်အလှူရှင်များက သုတ၊ ရသ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌ ဦးကံရွှေက လက်ခံရယူသည်။ **(ခရိုင် ပြန်/ဆက်)**





## မအူပင်မြို့နယ်ကျေးလက်ကျောက်ချောလမ်းခင်း

မအူပင် နိုဝင်ဘာ ၁၀

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသဖွံ့ဖြိုးရေးတာဝန်ကြီး(၅)ရပ် အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၀၄-၂၀၀၅ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် ကျောင်းရွာကျေးရွာအုပ်စု ခနောင်ထော်ကျေးရွာမှ ပံတပွတ်ကျေးရွာအထိ အရှည် သုံးမိုင်အား ကျောက်ချောလမ်းခင်းကြသည်။

အဆိုပါကျောင်းရွာကျေးရွာအုပ်စု ခနောင်ထော်ကျေးရွာမှ ပံတပွတ်ကျေးရွာအထိ ကျောက်ချောလမ်းဆောင်ရွက်မှုအား ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအုန်းသွင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်အောင်ဌေးတို့က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးစိုးနိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြကြသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

# ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပထမအကြိမ် အာဆီယံ-အိန္ဒိယ ကားပြိုင်ပွဲ ဖွင့်ပွဲတက်ရောက်အားပေး
# အာဆီယံ-အိန္ဒိယ ကားပြိုင်ပွဲ နိုင်ငံ ၁၀ နိုင်ငံမှ ကားအစီး ၆၀ ပါဝင်ယှဉ်ပြိုင်
# မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်ကားသုံးစီး ယာဉ်မောင်း ၁၂ ဦး ယှဉ်ပြိုင်ကြမည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မြန်မာ့လေကြောင်းဖြင့်ထွက်ခွာကြရာ မုံရွာလေဆိပ်သို့ရောက်ရှိကြပြီး မုံရွာလေဆိပ်တွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး လိုက်ပါ၍ လေကြောင်းခရီးဖြင့်ဆက်လက်ထွက်ခွာလာရာ ကလေးမြို့သို့ ရောက်ရှိကြသည်။

**စာမျက်နှာ ၆ ကော်လံ ၁ ***



## (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲကျင်းပ
## မြန်မာ့လက်ရွေးစင် ခိုင်ခိုင်မော် ရွှေတံဆိပ်ဆွတ်ခူး

**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)၌ စတင်ကျင်းပရာ အမျိုးသမီး ထိုက်ချီချွမ်ပြိုင်ပွဲ ( Women's Taijiquan ) ၌ မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားမယ် ခိုင်ခိုင်မော်က ပထမရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိသွားသည်။

**စာမျက်နှာ ၇ ကော်လံ ၁ ●**

**အမျိုးသမီးထိုက်ချီချွမ်ပြိုင်ပွဲ၌ ပထမရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိသွားသော မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားမယ် ခိုင်ခိုင်မော်ကို ရွှေတံဆိပ်ဆု ဆွတ်ခူးအပြီး တွေ့ရစဉ်။ (မြန်မာ့အလင်း)**

**(၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ အမျိုးသမီး ထိုက်ချီချွမ်ပြိုင်ပွဲ၌ မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားမယ် ခိုင်ခိုင်မော် ပါဝင်ယှဉ်ပြိုင်ဟန်။ (သတင်းစဉ်)**



# ဖွံ့ဖြိုးစည်ပင် ကျေးလက်တစ်ခွင်

## ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် ကျေးရွာစာကြည့်တိုက်များဖွင့်

**ကန်ကြီးထောင့် နိုဝင်ဘာ ၂၀**

ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုကြီးများ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ဗဟုသုတပြည့်ဝသော ကျေးလက်နေ ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်လျက်ရှိရာ နိုဝင်ဘာ ၉ ရက်က ပေါက်ကွန်းတိုက်နယ် ဒီးဒုတ်ကျေးရွာအုပ်စု၌ ပညာအလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ခင်မူနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဝင်းထိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုကြီး၇၃အုပ်စုတို့တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ခဲ့ပြီးကြောင်းသိရသည်။ **(မြို့နယ်ပြန်/ဆက်)**





## ပင်းတယမြို့နယ်ကျေးရွာများသို့ ရုပ်မြင်သံကြားဖမ်းစက်များလှူဒါန်း

**ပင်းတယ နိုဝင်ဘာ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ အထူးဒေသ(၆) ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ကလှူဒါန်းသော ရုပ်မြင်သံကြားဖမ်းစက် ၁၇ လက်မ အဖြူအမည်း နှစ်လုံးအား ကျေးရွာများသို့ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီက ပင်းတယမြို့နယ်ရုံးစာကြည့်ခန်းမ၌ ကျင်းပရာ အထူးဒေသ(၆)မှ ဦးခွန်စိုးတင့်နှင့် ဦးခွန်မောင်ညိုတို့က ရုပ်မြင်သံကြားဖမ်းစက်နှစ်လုံးအား တောင်ကြီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေမေနီထံ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)** ထို့နောက် မြို့နယ်ဦးစီးမှူး ဦးမောင်ကြည်က ဒုတယ်ရေကျေးရွာနှင့် ကျောက်ပုလင်ကျေးရွာများသို့ ဆက်လက်ပေးအပ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

နိုဝင်ဘာ ၂၀ ရက်က ကဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူတည်ဆောက်လျက်ရှိသော သက္ကလစံပြကျေးရွာအတွင်းရှိ သစ်သားတံတား တည်ဆောက်ပြီးစီးမှုကို ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးရင်စိန်၊ ကဝမြို့နယ်ဥက္ကဋ္ဌ ဦးစိုင်မောင်လူနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှတာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြစဉ်။ (၂၄၀)